http://www.dhammadownload.com

Dhamma Download မိသားစု

စင်ကာပူနိုင်ငံ

အဘိဓမ္မာသင်တန်းသား/သူများအား

ဓမ္မာစရိယတက္ကသိုလ်များ နာယကချုပ်ဆရာတော်

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ

ပို့ချသင်ကြားအပ်သော

# လူတိုင်းအတွက်

# လက်တွေ့အသုံးချ အဘိဓမ္မာကောက်နုတ်ချက်

(ပဋ္ဌာန်းနှင့် တွဲဘက်သင်ယူရန်)

http://www.dhammadownload.com



# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## "ပဏာမ = ဝန္ဒနာ" ရတနာသုံးပါးရှိခိုးခြင်း

✔ အဘိဓမ္မာဒေသနာကို ထုတ်ဖော်ဟောကြား မြတ်စွာဘုရားကိုရှင်း၊

✔ မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်, ပရိယတ်ဟူသော ဆယ်တန်ထင်ပေါ် တရားတော်ကိုရှင်း၊

✔ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်တန်သတ်မှတ် ပရမတ္ထအရိယာ မြတ်သံဃာနှင့် သမ္မုတိနွယ်ဝင် ထေရ်အရှင်မြတ်တို့ကိုရှင်း အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ရန် လွန်စွာကြည်နူး အထူးရှိခိုးပါ၏။

မြတ်စွာဘုရားဟောကြားပညတ်တရားတော်မြတ်သည် အကျဉ်းအားဖြင့် ဓမ္မ, ဝိနယဟူ၍ နှစ်မျိုးသာတည်း။

ထိုတွင် - ရဟန်းတော်များအတွက် ပညတ်ခဲ့သည့် ဝိနည်းပိဋကမှာ "ဝိနယ"ဖြစ်ပြီး၊ သုတ်, အဘိဓမ္မာ တရားအားလုံးကား "ဓမ္မ"ဖြစ်သည်။

## "ဓမ္မနှင့် အဘိဓမ္မ"

၁။ ဓမ္မ = သာမန်တရား။ ၂။ အဘိဓမ္မ = သာလွန်ထူးကဲသော တရား။

✔ သတ္တဝါများနှင့် သင့်လျော်ရုံ လိုအပ်သလောက်သာ သာမန်ဟောကြားအပ်သော သုတ္တန်ပိဋကတရားတော်များကို "ဓမ္မ"ဟု ခေါ်သည်။

✔ ပုဂ္ဂိုလ်အကြိုက် အလိုမလိုက်ဘဲ (ပုဂ္ဂလာဓိဋ္ဌာန် မဘက်) ဓမ္မာဓိ ဋ္ဌာန်နည်းဖြင့် ပြည့်ပြည့်စုံစုံ (သုတ္တန်တရားထက်) သာလွန်ထူးကဲစွာ ဟောကြားအပ် သော တရားတော်များကို"အဘိဓမ္မာ"ဟု ခေါ်သည်။

## "ပရမတ္ထတရား ၄-ပါး"

အလွန်နက်နဲသိမ်မွေ့လှသော အဘိဓမ္မာဒေသနာတော်၏ အနက်တို့သည် မဖောက် မပြန် မှန်ကန်တည့်မတ်, မြတ်သော ပရမတ္ထအားဖြင့်

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ လေးပါးရှိ၏။

## "ပရမတ္ထတရားလေးပါး၏ သဘောလက္ခဏာ"

စိတ် ။ ။ အာရုံကို သိတတ်သော သဘောတရား

[အဆင်း(ရူပါရုံ)ကို သိခြင်း၊ အသံ (သဒ္ဒါရုံ)ကို သိခြင်း၊ အနံ့ (ဂန္ဓာရုံ)ကို သိခြင်း၊ အရသာ (ရသာရုံ)ကို သိခြင်း၊ အတွေ့အထိ (ဖောဋ္ဌဗ္ဗာရုံ)ကို သိခြင်း၊ သဘာဝဓမ္မရုပ်နာမ်မျိုးစုံ (ဓမ္မာရုံ)ကို သိခြင်းသဘောသည် စိတ်၏ သဘောဖြစ်သည်။]

အာရမဏံ စိန္တေတီတိ စိတ္တံ။

http://www.dhammadownload.com



စေတသိက် ။ ။ စိတ်၌မှီတွယ်၍ စိတ်ကို ခြယ်လှယ်တတ်သော စိတ်နှင့် အမြဲယှဉ်စပ်နေသော သဘောတရား။

ရုပ် ။ ။ ပူခြင်း, အေးခြင်းစသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် (ရှေ့ရုပ်အစဉ်နှင့် နောက်ရုပ်အစဉ် မတူအောင်) ဖောက်ပြန်တတ်သော သဘောတရား။(ဖောက်ပြန်သော သဘောမှ မပြောင်းလဲခြင်းသည်ပင် ရုပ်ပရမတ်။)

နိဗ္ဗာန် ။ ။ ဒုက္ခခပ်သိမ်းချုပ်ပျောက်ငြိမ်းရာ ဖြစ်သော သဘောတရား။

ပရမတ္ထ ။ ။ မိမိတို့၏ ပင်ကိုယ်ပကတိသဘောမှ မဖောက်မပြန် မှန်ကန်တည့်မတ် မြတ်သော အနက်သဘော။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့သည် သီးခြားသဘာဝရှိသော တရားများ ဖြစ်ကြသည်။ အာရုံကို သိခြင်းစသော မိမိတို့၏ ကိုယ်ပိုင်သဘောလက္ခဏာမှ ဖောက်ပြန်ပြောင်းလဲမှု မရှိကြ။

ဥပမာ ။ ။ လောဘသည် လိုချင်တပ်မက်ခြင်း သဘောလက္ခဏာရှိ၏။ ထိုလောဘသည် လူ, နတ်, ဗြဟ္မာအမျိုးမျိုး၌ ဖြစ်သော်လည်း လိုချင်တပ်မက်ခြင်း သဘောမှ မဖောက်မပြန်ကြ။ တိရစ္ဆာန်လောဘနှင့် လူ, နတ်, ဗြဟ္မာတို့၏ လောဘသည် လိုချင်တပ်မက်မှုသဘောချင်းတူမျှ၏။ ထိုသို့ မဖောက်မပြန် မှန်ကန်တည့်မတ်သည်ကိုပင်"ပရမတ္ထ = မြတ်သောတရား"ဟု ခေါ်ဆိုရလေသည်။

ဆောင်။ ။ မဖောက်မပြန်၊ မှန်ကန်တည့်မတ်၊ ဂုဏ်သကတ်၊ အမြတ်(ပရမတ်) ဟူ၍ခေါ်။

(တစ်နည်း) လူ, နတ်, ဗြဟ္မာ သတ္တဝါအထွေထွေ မြေ,ရေ,တောတောင်-စသည်ဖြင့် အထည်ဝတ္ထု ပညတ်စုတွေ မည်မျှပင် များသော်လည်း လိုရင်းအချုပ် အသားတင် စစ်ထုတ်လိုက်လျှင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်မှ တပါး တမျိုးတခြား ရှာမရပေ။ ထို့ကြောင့် ဤလေးပါးကိုသာ "ပရမတ္ထ" ဟူ၍ ခေါ်ဆိုရသည်။

ဆောင်။ ။ အထည်ဝတ္ထု၊ ပညတ်စုတွေ၊ များပလေလည်း၊ အခြေအမြစ်၊ စိစစ်ထုတ်က၊ အချုပ်ပခာန၊ တနည်းပြ၊ ပရမ-ဟုခေါ်။

## "ရုပ်နှင့်နာမ် ခွဲခြားချက်"

ပရမတ္ထတရားလေးပါးတွင် -

၁။ စိတ်, စေတသိက်, နိဗ္ဗာန်တို့သည် နာမ်တရား။

၂။ ရုပ် ၂၈-ပါးသည် ရုပ်တရား။

- ✔ စိတ်, စေတသိက်တို့သည် အာရုံသို့ ညွတ်တတ်၍ အာရုံကို ယူတတ်သောကြောင့်"နာမ်"မည်၏။
- ✔ နိဗ္ဗာန်သည် အာရုံပြုတတ်သော တရားတို့ကို မိမိသို့ ညွတ်စေတတ်သောကြောင့် "နာမ်" မည်၏။
- ✔ ရုပ် ၂၈-ပါးသည် ဖောက်ပြန်ပြောင်းလဲတတ်သောကြောင့်"ရုပ်"မည်၏။

http://www.dhammadownload.com



| | | | | | |
|---|---|---|---|---|---|
| "စိတ်အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၀-ပါး ဇယား" | | | | | |
| အသောဘနစိတ် ၃၀ | | သောဘနစိတ် ၅၉/၉၁ | | | |
| အကုသိုလ်၁၂ | အဟိတ် ၁၈ | ကာမသောဘန၂၄ | ရူပ ၁၅ | အရူပ ၁၂ | လောကုတ် ၈/၄၀ |
| လောဘမူ ၈ | အကုဝိပါက် ၇ | မဟာကုသိုလ် ၈ | ရူပကု၅ | အရူပကု၄ | မဂ်စိတ် ၄/၂၀ |
| ဒေါသမူ ၂ | အဟိတ်အကုသလဝိပါက်၈ | မဟာဝိပါက် ၈ | ရူပဝိ ၅ | အရူဝိ ၄ | ဖိုလ်စိတ် ၄/၂၀ |
| မောဟမူ ၂ | အဟိတ်ကြိ ၃ | မဟာကြိယာ ၈ | ကြိယာ ၅ | ကြိယာ ၄ | |
| ကာမစိတ် ၅၄ | | | မဟာဂ္ဂုတ်စိတ် ၂၇ | | |

## ၁။ စိတ်ပိုင်း

### စိတ်အကျဉ်း ၈၉-ပါး / အကျယ် ၁၂၀-ပါး။

| | | |
|---|---|---|
| ၁။ | ကာမာဝစရစိတ် | ၅၄-ပါး |
| ၂။ | ရူပါဝစရစိတ် | ၁၅-ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂-ပါး |
| ၄။ | လောကုတ္တရာစိတ် | ၈-ပါး |
| | ပေါင်း | ၈၉-ပါး |

(တစ်နည်း) လောကုတ္တရာစိတ်အကျယ် ၄၀-ယူလျှင် စိတ် ၁၂၀-ပါးဖြစ်သည်။

### "အဓိပ္ပါယ်"

ကာမာဝစရစိတ် ။ ။ ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ် (ဝါ) ကာမတဏှာ၏ အာရုံဖြစ်၍ ကာမဘုံ၌ သက်ဝင်၍ဖြစ်တတ်သောစိတ် (ဝါ) ကာမ (၁၁)ဘုံရှိသတ္တဝါတို့၏ သန္တာန်၌ အဖြစ် များသော စိတ်။

ရူပါဝစရစိတ် ။ ။ ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ် (ဝါ) ရူပတဏှာ၏ အာရုံ ဖြစ်၍ ရူပဘုံ၌ သက်ဝင်၍ ဖြစ်တတ်သောစိတ် (ဝါ) ရူပ (၁၅)ဘုံရှိသတ္တဝါတို့၏ သန္တာန်၌ အဖြစ်များသောစိတ်။

အရူပါဝစရစိတ် ။ ။ အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ် (ဝါ) အရူပတဏှာ၏ အာရုံဖြစ်၍ အရူပဘုံ၌ သက်ဝင်ဖြစ်တတ်သောစိတ် (ဝါ) အရူပ(၄)ဘုံရှိ သတ္တဝါ တို့၏သန္တာန်၌ အဖြစ်များသော စိတ်။

လောကုတ္တရာစိတ် ။ ။ ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သင်္ခါရလောကမှ လွန်မြောက်ဆဲဖြစ်သော မဂ်စိတ်နှင့် လွန်မြောက်ပြီးဖြစ်သော ဖိုလ်စိတ်။

http://www.dhammadownload.com



## ကာမစိတ် ၅၄-ပါး

| | | |
|---|---|---|
| (က) | အကုသိုလ်စိတ် | ၁၂-ပါး |
| (ခ) | အဟိတ်စိတ် | ၁၈-ပါး |
| (ဂ) | ကာမာဝစရသောဘနစိတ် | ၂၄-ပါး |
| | ပေါင်း | ၅၄-ပါး |

### "အဓိပ္ပါယ်"

အကုသိုလ်စိတ် ။ ။အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်းသဘောရှိသော စိတ် (ဝါ) ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောစိတ် (ဝါ) အပါယ်ဒုဂ္ဂတိသို့ ကျရောက်စေတတ်သောစိတ်။

အဟိတ်စိတ် ။ ။ ဟိတ် ၆-ပါးကင်းသော (မယှဉ်သော) စိတ်။ အကုသိုလ်, ကုသိုလ်တို့ကို ဖြစ်စေတတ်သော (အကြောင်းတရားများ ဖြစ်ကြသည့်) ဟိတ် ၆-ပါးနှင့် မယှဉ်ခြင်းဖြင့် ယှဉ်ဘက် ဟိတ်ကင်းသော စိတ်။

ကာမာဝစရသောဘနစိတ် ။ ။ တင့်တယ်ကောင်းမြတ်သော ကာမာဝစရစိတ်၊ သဒ္ဓါ, သတိ-စသော သောဘန စေတသိက်တို့နှင့် ယှဉ်၍ (အတူတကွဖြစ်၍) တင့်တယ်ကောင်းမြတ်သော ကာမာဝစရစိတ်။

## (က) အကုသိုလ်စိတ် ၁၂-ပါး

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈-ပါး |
| ၂။ | ဒေါသမူစိတ် | ၂-ပါး |
| ၃။ | မောဟမူစိတ် | ၂-ပါး |
| | ပေါင်း | ၁၂-ပါး |

### "အဓိပ္ပါယ်"

လောဘမူစိတ် ။ ။ လိုချင်တပ်မက်မှု လောဘအရင်းခံသော စိတ်။
ဒေါသမူစိတ် ။ ။ ကြမ်းတမ်းခက်ထန်မှု ဒေါသအရင်းခံသော စိတ်။
မောဟမူစိတ် ။ ။ အလွန်တွေဝေမှု မောဟအရင်းခံသော စိတ်။

### လောဘမူစိတ် ၈-ပါး ဆိုရိုးဇယား

| | | | |
|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၂။ | ။ | ။ | သသင်္ခါရိကစိတ် |
| ၃။ | ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၄။ | ။ | ။ | သသင်္ခါရိကစိတ် |
| ၅။ | ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၆။ | ။ | ။ | သသင်္ခါရိကစိတ် |
| ၇။ | ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၈။ | ။ | ။ | သသင်္ခါရိကစိတ် |

http://www.dhammadownload.com

( ၁ )

## လောဘမူစိတ် (၈)ပါး အဓိပ္ပါယ်ဇယား

| ကာမဂုဏ်အာရုံကို လိုချင် တပ်မက်ရာ၌ (ဝါ) အကုသိုလ်အမှုလွန်ကျူးရာ၌ | | | |
|---|---|---|---|
| ၁။ | ဝမ်းမြောက်ဝမ်းသာ | အပြစ်မရှိဟု ခံယူလျက် (ဝါ)မှားယွင်းသောအယူ အဆနှင့် ယှဉ်ပြီး | တိုက်တွန်းမှုမပါပဲဖြစ်သောစိတ်။ |
| ၂။ | | | တိုက်တွန်းမှုကြောင့်ဖြစ်သောစိတ်။ |
| ၃။ | ။ | အပြစ်ရှိမှန်း သိလျက် (ဝါ)မှားယွင်းသောအယူ အဆနှင့် မယှဉ်ပဲ | တိုက်တွန်းမှုမပါပဲဖြစ်သောစိတ်။ |
| ၄။ | | | တိုက်တွန်းမှုကြောင့်ဖြစ်သောစိတ်။ |
| ၅။ | ဝမ်းမြောက်ဝမ်းသာ မဖြစ်ပဲ | အပြစ်မရှိဟု ခံယူလျက် (ဝါ)မှားယွင်းသောအယူ အဆနှင့် ယှဉ်ပြီး | တိုက်တွန်းမှုမပါပဲဖြစ်သောစိတ်။ |
| ၆။ | | | တိုက်တွန်းမှုကြောင့်ဖြစ်သောစိတ်။ |
| ၇။ | ။ | အပြစ်ရှိမှန်း သိလျက် (ဝါ)မှားယွင်းသောအယူ အဆနှင့် မယှဉ်ပဲ | တိုက်တွန်းမှုမပါပဲဖြစ်သောစိတ်။ |
| ၈။ | | | တိုက်တွန်းမှုကြောင့်ဖြစ်သောစိတ်။ |

၁။ ကာမဂုဏ်အာရုံကို လိုချင်တပ်မက်ရာ၌ (ဝါ)အကုသိုလ်အမှု လွန်ကျူးရာ၌ ဝမ်းမြောက်ဝမ်းသာ (သောမနဿသဟဂုတ်)အပြစ်မရှိဟု ခံယူလျက် (ဒိဋ္ဌိဂတသမ္ပယုတ်) တိုက်တွန်းမှုမပါပဲဖြစ်သော (အသင်္ခါရိက) လောဘမူစိတ်-စသည်ဖြင့် အဓိပ္ပါယ်ဇယားကို ဆိုရိုးပြုပါ။

## ဒေါသမူစိတ် (၂)ပါးဆိုရိုးဇယား

| | | | |
|---|---|---|---|
| ၁။ | ဒေါမနဿသဟဂုတ် စိတ်ဆင်းရဲခြင်းခံစားမှုနှင့်တကွ | ပဋိဃသမ္ပယုတ် အမျက်ဒေါသနှင့်ယှဉ်၍ | အသင်္ခါရိကစိတ် |
| ၂။ | ဒေါမနဿသဟဂုတ် စိတ်ဆင်းရဲခြင်းခံစားမှုနှင့်တကွ | ပဋိဃသမ္ပယုတ် အမျက်ဒေါသနှင့်ယှဉ်၍ | သသင်္ခါရိကစိတ် |

၁။ ပါဏာတိပါတစသော အမှုကို တိုက်တွန်းမှု မပါပဲ ထက်ထက် သန်သန်ပြုလုပ်သောအခါ ဒေါသမူ ပဌမစိတ်ဖြစ်၏။

၂။ ပါဏာတိပါတစသော အမှုကို တိုက်တွန်းမှုကြောင့် နှဲ့နှေးစွာပြုလုပ်သော အခါ ဒေါသမူဒုတိယစိတ်ဖြစ်၏။

## မောဟမူစိတ် ၂-ပါး ဆိုရိုးဇယား

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် ဝမ်းနည်းဝမ်းသာမဖြစ်ပဲ | ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ရတနာသုံးပါး, ကံ, ကံ၏အကျိုးကို ယုံမှားသံသယဖြစ်ခြင်းနှင့်ယှဉ်သောစိတ် |
| ၂။ | ။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ် ပျံ့လွင့်ခြင်း, မငြိမ်သက်မှုနှင့် ယှဉ်သောစိတ် |

http://www.dhammadownload.com



ဒုစရိုက် ၁၀-ပါးတွင် -

(က) လောဘမူလကြောင့် လွန်ကျူးမိတတ်သော ဒုစရိုက် ၇-ပါး

| | | | |
|---|---|---|---|
| ၁။ | အဒိန္နာဒါန | ၂။ | ကာမေသုမိစ္ဆာစာရ |
| ၃။ | မုသာဝါဒ | ၄။ | ပိသုဏဝါစာ |
| ၅။ | သမ္ဖပ္ပလာပ | ၆။ | အဘိဇ္ဈာ |
| ၇။ | မိစ္ဆာဒိဋ္ဌိ | | |

(ခ) ဒေါသမူလကြောင့် လွန်ကျူးမိတတ်သော ဒုစရိုက် ၇-ပါး

| | | | |
|---|---|---|---|
| ၁။ | ပါဏာတိပါတ | ၂။ | အဒိန္နာဒါန |
| ၃။ | မုသာဝါဒ | ၄။ | ပိသုဏဝါစာ |
| ၅။ | ဖရုသဝါစာ | ၆။ | သမ္ဖပ္ပလာပ |
| ၇။ | ဗျာပါဒ | | |

## (ခ) အဟိတ်စိတ် ၁၈-ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက်စိတ် | ၇-ပါး |
| ၂။ | အဟိတ်ကုသလဝိပါက်စိတ် | ၈-ပါး |
| ၃။ | အဟိတ်ကြိယာစိတ် | ၃-ပါး |
| | ပေါင်း | ၁၈-ပါး |

## "အဓိပ္ပါယ်"

အကုသလဝိပါက်စိတ် ။ ။ မကောင်းမှုအကုသိုလ်ကံ၏ အကျိုးဖြစ်သောစိတ်။

အဟိတ်ကုသလဝိပါက်စိတ် ။ ။ ကောင်းမှုကုသိုလ်ကံ၏အကျိုးဖြစ်သောယှဉ်ဘက် ဟိတ်မရှိသော စိတ်။

အဟိတ်ကြိယာစိတ် ။ ။ ပြုကာမတ္တ ပြုရုံမျှသာဖြစ်၍ အကျိုးပေးခြင်းသဘောမရှိသော, ယှဉ်ဘက် ဟိတ် မရှိသော စိတ်။

[ကြိယာစိတ်-ဟူသည်မှာ ကုသိုလ်, အကုသိုလ်စိတ်များကဲ့သို့ ကံမြောက်သော (အကျိုးကို ဖြစ်စေသော) စိတ်များ မဟုတ်၊ အကျိုးဝိပါက်များလည်း မဟုတ်။ ပြုကာမတ္တသဘောရှိသော စိတ်များသာ ဖြစ်ကြသည်။]

## အကုသလဝိပါက်စိတ် ၇-ပါး

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | စက္ခုဝိညာဏ်စိတ် = အဆင်းရူပါရုံကို မြင်သိစိတ် |
| ၂။ | ။ | သောတဝိညာဏ်စိတ် = အသံသဒ္ဒါရုံကို ကြားသိစိတ် |
| ၃။ | ။ | ဃာနဝိညာဏ်စိတ် = အနံ့ဂန္ဓာရုံကို နံသိစိတ် |
| ၄။ | ။ | ဇိဝှါဝိညာဏ်စိတ် = ရသာရုံကို စားသိစိတ် |
| ၅။ | ဒုက္ခသဟဂုတ် | ကာယဝိညာဏ် = ဖောဋ္ဌဗ္ဗာရုံကို ထိသိစိတ် |
| ၆။ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆန်းစိတ် = အာရုံငါးပါးကို လက်ခံသောစိတ် |
| ၇။ | ။ | သန္တီရဏစိတ် = သမ္ပဋိစ္ဆန်လက်ခံထားသော အာရုံကို စုံစမ်းထောက်လှမ်းသော စိတ်။ |

http://www.dhammadownload.com



## "အခိပ္ပါယ်"

ရှေ့အကုသိုလ်ကံ၏ အကျိုးအဖြစ် မလိုလားမနှစ်သက်အပ်သော အနိဋ္ဌာ ရုံမြင်ကွင်း, အသံဆိုး, အနံ့ဆိုး, အရသာဆိုး, အတွေ့အထိဆိုးတို့နှင့် တွေ့ကြုံခံစားရ သည့်အခါ အကုသလဝိပါက်စိတ်များဖြစ်ပေါ်လာကြ၏။ (မိမိကိုယ်တိုင် ပြုခဲ့ဘူး သော အကုသိုလ်ကံ၏ အကျိုးပေးမှုကို ခံရခြင်းပင်တည်း။)

### အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | စက္ခုဝိညာဏ်စိတ် |
| ၂။ | ။ | သောတဝိညာဏ်စိတ် |
| ၃။ | ။ | ဃာနဝိညာဏ်စိတ် |
| ၄။ | ။ | ဇိဝှါဝိညာဏ်စိတ် |
| ၅။ | သုခသဟဂုတ် | ကာယဝိညာဏ်စိတ် |
| ၆။ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆိုန်းစိတ် |
| ၇။ | သောမနဿသဟဂုတ် | သန္တီရဏစိတ် |
| ၈။ | ဥပေက္ခာသဟဂုတ် | ။ |

အဓိပ္ပါယ်။ ။ရှေးကုသိုလ်ကံ၏ အကျိုးအဖြစ်လိုလားနှစ်သက်အပ်သော ဣဋ္ဌာရုံများနှင့် တွေ့ကြုံခံစားရသည့် အခါ အဟိတ်ကုသလဝိပါက်စိတ်များ ဖြစ်ပေါ်လာကြသည်။

### အဟိတ်ကြိယာစိတ် (၃)ပါး

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | ပဥ္စဒွါရာဝဇ္ဇန်းစိတ် = ပဥ္စဒွါရ၌ ထင်လာသော အာရုံကို နှလုံးသွင်းဆင်ခြင်သော စိတ်။ |
| ၂။ | ။ | မနောဒွါရာဝဇ္ဇန်းစိတ် = မနောဒွါရ(စိတ်တံခါး၌) ထင်လာသောအာရုံကို နှလုံးသွင်း ဆင်ခြင်သောစိတ်။ |
| ၃။ | သောမနဿသဟဂုတ် | ဟသိတုပ္ပါဒ်စိတ် = ဘုရား, ရဟန္တာတို့ပြုံးရယ်သောစိတ်။ |

အဓိပ္ပါယ် ။ ။

၁။ မနောဒွါရာဝဇ္ဇန်းစိတ်ကိုပင် (သန္တီရဏသည် စုံစမ်းအပ်ပြီးသော အာရုံကို ပိုင်ခြားမှတ်သားတတ်သော ကြောင့်) ပဥ္စဒွါရ၌ဖြစ်ခိုက် "ဝုဋ္ဌော"ဟူသောအမည်ဖြင့် ခေါ်ဆိုရသည်။

၂။ ဤအဟိတ်စိတ် (၁၈)ပါး၌

(က) အကြောင်းစိတ် = မရှိ

(ခ) အကျိုးစိတ် = ဝိပါက်စိတ် ၁၅-ပါး

(ဂ) ကြောင်း/ကျိုးမဟုတ်သော စိတ် = ကြိယာစိတ် ၃-ပါး

၃။ အဟိတ်စိတ်၌ ဥပေက္ခာသန္တီရဏစိတ် ၂-ပါးသည် ပဋိသန္ဓေအကျိုး, ပဝတ္တိ အကျိုး ၂-မျိုးလုံး ဖြစ်နိုင် သည်။ ကျန်စိတ်တို့ကား ပဝတ္တိအကျိုးမျှသာ ဖြစ်နိုင်သည်။ (ဝီထိမုတ္တသင်္ဂဟ)

http://www.dhammadownload.com



## ကာမာဝစရသောဘနစိတ် ၂၄-ပါး

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ်စိတ် | ၈-ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈-ပါး |
| ၃။ | မဟာကြိယာစိတ် | ၈-ပါး |
| | ပေါင်း | ၂၄-ပါး |

## "မဟာ"အမည်တပ်ခေါ်ဆိုရခြင်း

ကာမ, ရူပ, အရူပ, လောကုတ္တရာစိတ်တို့တွင် -

ကုသိုလ်စိတ်ချင်း၊ ဝိပါက်စိတ်ချင်း၊ ကြိယာစိတ်ချင်း နှိုင်းယှဉ်ပါလျှင် ကာမာဝစရသောဘနစိတ်ကသာ အရေအတွက်များသောကြောင့် "မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာ"ဟူ၍ "မဟာ"အမည်တပ်၍ ခေါ်ဆိုရသည်။

## မဟာကုသိုလ်စိတ် ၈-ပါး

| | | | |
|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၂။ | ။ | ။ | သသင်္ခါရိကစိတ် |
| ၃။ | ။ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၄။ | ။ | ။ | သသင်္ခါရိကစိတ် |
| ၅။ | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၆။ | ။ | ။ | သသင်္ခါရိကစိတ် |
| ၇။ | ။ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၈။ | ။ | ။ | သသင်္ခါရိကစိတ် |

မဟာဝိပါက်စိတ် ၈-ပါး, မဟာကြိယာစိတ် ၈-ပါးဆိုရိုးများလည်း နည်းတူပင်။

## မဟာကုသိုလ် (၈)ပါး ဆိုရိုးအဓိပ္ပါယ်

| စဉ် | ဉာဏသမ္ပယုတ်/ဝိပ္ပယုတ် | အသင်္ခါရိက/သသင်္ခါရိက | သောမနဿ/ဥပေက္ခာ |
|---|---|---|---|
| ၁။ | အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍ | မိမိသဒ္ဓါအလျောက် | ဝမ်းမြောက်ဝမ်းသာ ကုသိုလ်ပြုသောစိတ် |
| ၂။ | ။ | သူတစ်ပါးတိုက်တွန်း၍ | ။ |
| ၃။ | အကျိုးသိမြင်ဉာဏ်မယှဉ်ပဲ | မိမိသဒ္ဓါအလျောက် | ။ |
| ၄။ | ။ | သူတစ်ပါးတိုက်တွန်း၍ | ။ |
| ၅။ | အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍ | မိမိသဒ္ဓါအလျောက် ပဲကုသိုလ်ပြုသောစိတ် | ဝမ်းသာ/ဝမ်းနည်းမဖြစ် |
| ၆။ | ။ | သူတစ်ပါးတိုက်တွန်း၍ | ။ |
| ၇။ | အကျိုးသိမြင်ဉာဏ်မယှဉ်ပဲ | မိမိသဒ္ဓါအလျောက် | ။ |
| ၈။ | ။ | သူတစ်ပါးတိုက်တွန်း၍ | ။ |

http://www.dhammadownload.com



## ဉာဏသမ္ပယုတ် / ဉာဏဝိပ္ပယုတ်ခွဲပုံ

(က) ဉာဏသမ္ပယုတ်။ ။ ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိတတ်သော ဉာဏ်နှင့်ယှဉ်သောစိတ်။ (ဝါ) ဒါန, သီလ, ဘာဝနာ ကုသိုလ်ပြုရာ တွင် ဉာဏ်နှင့်ယှဉ်၍ပြုလုပ်သော ကုသိုလ်စိတ်။

✔ ဒါနပြုရာ၌ = ပကာသနမှုကိုရှောင်ကြဉ်လျက် ကံနှင့်ကံအကျိုး ထို၂-မျိုးကို ယုံကြည်သိမှတ်အသိကပ်၍ နိဗ္ဗာန်ရည်မှန်းလှူဒါန်းကြသည့် ကုသိုလ်မျိုးကို "ဉာဏသမ္ပယုတ် ဒါနကုသိုလ်"ဟု ခေါ်သည်။

✔ သီလဆောက်တည်ရာ၌ = အထင်ကြီးခံလိုမှုစသော ဟန်ဆောင်သီလ မဖြစ်စေပဲ ကံနှင့်ကံအကျိုး ထို ၂-မျိုးကို ယုံကြည်သိမှတ်အသိကပ်၍ နိဗ္ဗာန်ရည်မှန်း ခံယူဆောက်တည်သော သီလကုသိုလ်ကို "ဉာဏသမ္ပယုတ်သီလကုသိုလ်"ဟု ခေါ်သည်။

✔ ဘာဝနာကုသိုလ်ပွားများရာ၌ = အချင်းချင်းပြိုင်ဆိုင်မှု သဘောမပါစေဘဲ ကိလေသာငြိမ်းရန် ရည်သန်လျက် ရုပ်, နာမ်ဓမ္မသင်္ခါရတို့၏ လက္ခဏာရေး ၃-ပါးကို ဉာဏ်သက်ဝင်၍ ပွားများအားထုတ်သော ကုသိုလ်မျိုးကို "ဉာဏသမ္ပယုတ် ဘာဝနာကုသိုလ်"ဟု ခေါ်သည်။

(ခ) ဉာဏဝိပ္ပယုတ် = ဉာဏ်မယှဉ်သောစိတ်

မိရိုးဖလာပြုလုပ်နေကြသော ကုလာစာရကုသိုလ်မျိုး၊ ကဲ့ရဲ့ခံရမှာ ကြောက် ၍ ပြုလုပ်သော ဘယကုသိုလ်မျိုး၊ ရာထူးဂုဏ်သိရ် လာဘ်လာဘကို မျှော်ကိုး၍ ပြုလုပ်သော လာဘကုသိုလ်မျိုးနှင့် ဗေဒင်ယတြာသဘောအရ ပြုလုပ်သော ကုသိုလ်မျိုးမှန်သမျှ ဉာဏဝိပ္ပယုတ်ကုသိုလ်မျိုးသာ ဖြစ်သည်။ ဤကုသိုလ်မျိုး တို့သည် အကျိုးမမြင်, ဉာဏ်မယှဉ်သော ဉာဏဝိပ္ပယုတ် ဒွိဟိတ် ကုသိုလ်မျိုး တို့ဖြစ်ကြသည်။

### မဟာဝိပါက် ၈-ပါးအခွဲခွဲ

မဟာဝိပါက်စိတ် = မဟာကုသိုလ်ကံ၏ အကျိုးစိတ်များ။

ရှေ့ရှေ့ဘဝက မဟာကုသိုလ်စိတ်ဖြင့် ကုသိုလ်ပြုခဲ့လျှင် ကာမသုဂတိ ၇-ဘုံ၌ တူညီသော အကျိုးဝိပါက်စိတ်များဖြင့် ပဋိသန္ဓေနေကြရသည်။

မဟာဝိပါက်စိတ်သည် ဘဝသစ်တစ်ခု၌ ရှေးဦးစွာဖြစ်သော ပဋိသန္ဓေစိတ် ဖြစ်သည်။ ပဝတ္တိအခါ ဘွင်စိတ်အမည်ဖြင့်ရင်း, တဒါရုံအမည်ဖြင့်ရင်း ကိစ္စတာဝန် ထမ်းဆောင်သည်။ သေဆုံးသည့်ကာလတွင် "စုတိစိတ်"အမည်ဖြင့် ကိစ္စတာဝန် ထမ်းဆောင်သည်။

(ပကိဏ်းပိုင်း၊ ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်းတို့၌ အကျယ်ပြဆိုမည်။)

### ပဋိသန္ဓေကွဲပြား၍ ပုဂ္ဂိုလ်ကွဲပြားရခြင်း

၁။ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေတည်နေကြသူများသည် မွေးရာပါ ဉာဏ်ပါသောကြောင့် "တိဟိတ်ပုဂ္ဂိုလ်များ"ဖြစ်ကြသည်။

၂။ ဉာဏဝိပ္ပယုတ်ပဋိသန္ဓေတည်နေကြသူများသည် မွေးရာပါဉာဏ် မပါသောကြောင့်"ဒွိဟိတ်ပုဂ္ဂိုလ်များ" ဖြစ်ကြသည်။

http://www.dhammadownload.com



တိဟိတ်, ဒွိဟိတ် ၂-မျိုးတွင် -

၁။ တိဟိတ်ပုဂ္ဂိုလ်တို့သည် ပါရမီဖြည့်၍ကြိုးစားအားထုတ်လျှင် ထိုဘဝမှာပင် ဈာန်, မဂ်, ဖိုလ်ရနိုင်သည်။ ဠာနာဌာနကောသလ္လညာဏ်နှင့် ပြည့်စုံကြသည်။

၂။ ဒွိဟိတ်ပုဂ္ဂိုလ်များကား ပဋိသန္ဓေကမ္မဇညာဏ်ပညာနည်းပါးခဲ့ခြင်းကြောင့် ဘာဝနာတရားကြိုးစားအားထုတ်သော်လည်း ထိုဘဝတွင် ဈာန်, မဂ်, ဖိုလ် မရနိုင်ကြ။ ပါရမီကုသိုလ်မျှသာရ နိုင်သည်။ ဌာနဌာနကောသလ္လညာဏ်နှင့် မပြည့်စုံ။ လုပ်ဆောင်တိုင်း လမ်းမှန် မရောက်နိုင်။

၃။ ရှေ့နောက် ၂-တန် အကုသိုလ်ခြံရံသော ညာဏဝိပ္ပယုတ်ကုသိုလ်မျိုးကို<u>ဟိတ်သြမကကုသိုလ်</u>ဟုခေါ်သည်။ ထိုကုသိုလ်က ပဋိသန္ဓေအကျိုးကိုပေးလျှင် လူစဉ်မမီသော<u>"သုဂတိ အဟိတ်ပုထုဇဉ်များ"</u>သာ ဖြစ်ကြသည်။ ထိုဘဝတွင် ဈာန်, မဂ်, ဖိုလ် မရနိုင်ရုံမက လူဖြစ်ရကျိုး မနပ်ကြပေ။

၄။ ဘုရားအလောင်းတော်ကြီးများ၏ ပဋိသန္ဓေစိတ်ကား-မဟာဝိပါက်သောမနဿသဟဂုတ် ညာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်သည်။

## မဟာကြိယာစိတ် ၈-ပါး အဓိပ္ပါယ်

<u>မဟာကြိယာစိတ်</u> ။ ။ ဘုရားရဟန္တာတို့ ကောင်းမှုပြုသောစိတ်။

ဘုရားရဟန္တာတို့သည် အကုသိုလ်အမှု လုံးဝမပြုကြ။ တရားဟောခြင်း, မေတ္တာပွားခြင်းစသော ကောင်းမှုကိုသာ ပြုကြသည်။ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကုသိုလ်ပြုသော စိတ်သည် အကျိုးပေးစရာမရှိတော့သဖြင့် "ကုသိုလ်စိတ်"ဟူ၍ မခေါ်ဆိုရ။ အကြောင်း/အကျိုးမှ လွတ်သော (ဝါ)အကျိုးမဖြစ်ထွန်းသော ပြုကာမတ္တစိတ်ဖြစ်၍ "ကြိယာစိတ်"ဟူ၍သာ ခေါ်ဆိုရသည်။ ယင်းကြိယာစိတ် သည် ပုထုဇဉ်-သေက္ခပုဂ္ဂိုလ်များ၌ မဖြစ်။ ဘုရား, ရဟန္တာတို့၌သာ ဖြစ်သည်။

## ရူပါဝစရစိတ် ၁၅-ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရကုသိုလ်စိတ် | ၅-ပါး |
| ၂။ | ရူပါဝစရဝိပါက်စိတ် | ၅-ပါး |
| ၃။ | ရူပါဝစရကြိယာစိတ် | ၅-ပါး |
| | ပေါင်း | ၁၅-ပါး |

<u>ရူပါဝစရစိတ်</u>။ ။ ရူပဘုံ၌ များသောအားဖြင့် ကျင့်လည်တတ်ဖြစ်တတ်သောစိတ် (ဝါ) ရူပတဏှာ၏ အာရုံဖြစ်၍ ရူပဘုံ၌ သက်ဝင်၍ ဖြစ်တတ်သောစိတ်။ (ဝါ) အသညသတ်ကြဉ် ရူပ ၁၅-ဘုံရှိ ပြဟ္မာကြီးတို့၏ သန္တာန်၌ အဖြစ်များသော စိတ်။

(သမထကမ္မဋ္ဌာန်းဘာဝနာပွားများအားထုတ်လျှင် ဈာန်စိတ်များ ရနိုင်သောကြောင့် "မနုဿ=လူ့ဘုံ"၌လည်း ဖြစ်နိုင်သည်။)

<u>ရူပါဝစရကုသိုလ်စိတ်</u>။ ။ ရူပဈာန်ရရှိသောပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ (ဈာန်ဝင်စားခိုက်)ဖြစ်သော ကုသိုလ်စိတ်။

http://www.dhammadownload.com



<u>ရူပါဝစရဝိပါက်စိတ်</u> ။ ။ ရူပါဝစရကုသိုလ်ဈာန်စိတ်များကြောင့် ဖြစ်ပေါ်လာသောအကျိုးစိတ်။ ရူပဗြဟ္မာကြီးတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်။

<u>ရူပါဝစရကြိယာစိတ်</u> ။ ။ ရူပဈာန်ရရှိကြသည့် ဘုရား, ရဟန္တာတို့၏ သန္တာန်၌ ဖြစ်သော ဈာန်စိတ်များ။

## ရူပါဝစရကုသိုလ်စိတ် ၅-ပါးဆိုရိုး

| | | | |
|---|---|---|---|
| ၁။ | ဝိတက်, ဝိစာရ, ပီတိ သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ၅-ပါးနှင့် တကွဖြစ်သော | ပထမဈာန်(ကုသိုလ်)စိတ် |
| ၂။ | ဝိစာရ, ပီတိ သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန်(ကုသိုလ်)စိတ် |
| ၃။ | ပီတိ, သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော | တတိယဈာန်(ကုသိုလ်)စိတ် |
| ၄။ | သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန်(ကုသိုလ်)စိတ် |
| ၅။ | ဥပေက္ခာ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန်(ကုသိုလ်)စိတ် |

ရူပါဝစရဝိပါက် ၅-ပါး, ရူပါဝစရကြိယာ ၅-ပါးဆိုရိုးများလည်း နည်းတူပင်။

## ဈာန်အင်္ဂါ, ဈာန်, ဈာန်စိတ် ခွဲခြားပုံ

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော တစ်ပါး, တစ်ပါးသော (ဈာန်၏) အစိတ်အပိုင်းကို "ဈာန်အင်္ဂါ"ဟု ခေါ်ဆိုရသည်။

ဥပမာ ။ ။ လက်, ခြေ, မျက်စိ, နား, နှာ-စသော ကိုယ်၏ အစိတ်အပိုင်းကို "ကိုယ်အင်္ဂါ"ဟူ၍ ခေါ်ဆိုရသကဲ့သို့တည်း

၂။ ထိုဝိတက်, ဝိစာရစသောဈာန်အင်္ဂါတို့၏ အပေါင်းကို "ဈာန်"ဟု ခေါ်သည်။

ဥပမာ ။ ။ လက်, ခြေ, မျက်စိ, နား, နှာ-စသော ကိုယ်အင်္ဂါတို့၏ အပေါင်းကို"ကိုယ်"ဟု ခေါ်ဆိုရသကဲ့သို့တည်း။

၃။ ထိုဈာန်နှင့်ယှဉ်သော စိတ်ကို "ဈာန်စိတ်"ဟု ခေါ်သည်။

<u>ဈာန်</u>။ ။ ကသိုဏ်းစသော သမထကမ္မဋ္ဌာန်းအာရုံ (တစ်ခုခု)ကို စူးစူးစိုက်စိုက်အထူးကြည့်ရှုနေခြင်းသဘော (ဝါ) ဆန့်ကျင်ဘက် နီဝရဏ (အကုသိုလ်)တရားတို့ကို လောင်မြိုက်ပယ်ခွါတတ်သော သဘော။

➤ ကသိဏာဒိအာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။
ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ။ (အဋ္ဌကထာ)

## ဈာန်အင်္ဂါ ၅-ပါး အဓိပ္ပာယ်

<u>ဝိတက်</u>။ ။ အာရုံသို့ ယှဉ်ဘက်တရားတို့ကို ရှေ့ရှုတင်ပေးခြင်းသဘော။

အကုသိုလ်အာရုံများ မကပ်ရောက်နိုင်ရန် ကမ္မဋ္ဌာန်းအာရုံပေါ်သို့ စိတ်ရောက်ရန် တင်ပေးနေခြင်းသဘော။

➤ အာရမ္မဏာဘိနိရောပနလက္ခဏော ဝိတက္ကော။

http://www.dhammadownload.com



ဝိစာရ ။ ။ အာရုံကို သုံးသပ်နေခြင်းသဘော။
ဝိတက်တင်ပေးလိုက်သော ကမ္မဋ္ဌာန်းအာရုံကို အဖန်ဖန်သုံးသပ် နေခြင်းသဘော။
➢ အာရမ္မဏာနုမဇ္ဇနလက္ခဏော ဝိစာရော။

ပီတိ ။ ။ ကမ္မဋ္ဌာန်းအာရုံ၌ ကျေနပ်နှစ်သက်နေခြင်းသဘော။
သုခ ။ ။ ကမ္မဋ္ဌာန်းအာရုံဖြင့် ချမ်းသာစွာမွေ့လျော်နေခြင်းသဘော။
ဧကဂ္ဂတာ ။ ။ ကမ္မဋ္ဌာန်းအာရုံတစ်ခုတည်း၌ စူးစူးစိုက်စိုက်အချိန်ကြာကြာ စွဲစွဲမြဲမြဲ တည်တံ့နေခြင်းသဘော။ (သမာဓိ)

## ၃။ အရူပစိတ် ၁၂-ပါး

| | | |
|---|---|---|
| ၁။ | အရူပါဝစရကုသိုလ်စိတ် | ၄-ပါး |
| ၂။ | အရူပါဝစရဝိပါက်စိတ် | ၄-ပါး |
| ၃။ | အရူပါဝစရကြိယာစိတ် | ၄-ပါး |
| | ပေါင်း | ၁၂-ပါး |

အရူပါဝစရစိတ် = အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောစိတ် (ဝါ) အရူပဈာန်၏ အာရုံဖြစ်၍ အရူပဘုံ၌ သက်ဝင်၍ ဖြစ်တတ်သော စိတ်။ (ဝါ) အရူပ ၄-ဘုံရှိ ပြဟ္မာတို့သန္တာန်၌ အဖြစ်များသော စိတ်။
(ကာမဘုံ, ရူပဘုံတို့၌လည်း ထိုဈာန်ကို အားထုတ်လျှင်ရနိုင်သောကြောင့် ကာမဘုံ, ရူပဘုံတို့၌လည်း ဖြစ်သည်။)

✔ အရူပါဝစရဈာန်စိတ်တို့သည် အောက်အောက်ဈာန်၏အာရုံကို လွန်မြောက်၍ အာရုံ၏ အစွမ်းအားဖြင့် ကွဲပြားသောကြောင့် "အာရမ္မဏာတိက္ကမဈာန် = အာရုံကို လွန်မြောက်သောဈာန်"ဟူ၍ ခေါ်ဆိုသည်။ (တစ်နည်း) "အာရမ္မဏဘေဒစိတ်"ဟူ၍လည်း ခေါ်ဆိုကြသည်။

အရူပါဝစရကုသိုလ်စိတ် ။ ။ အရူပဈာန်ရရှိသော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ (ဈာန်ဝင်စားခိုက်) ဖြစ်သော ကုသိုလ်စိတ်။

အရူပါဝစရဝိပါက်စိတ် ။ ။ အရူပါဝစရကုသိုလ်ဈာန်စိတ်များကြောင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်စိတ်။
အရူပပြဟ္မာကြီးတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်။

အရူပါဝစရကြိယာစိတ် ။ ။ အရူပဈာန်ရရှိကြသည့် ရဟန္တာတို့၏ သန္တာန်၌ဖြစ်သော ဈာန်စိတ်များ။

✔ အရူပါဝစရဈာန်စိတ်များသည် ရူပါဝစရဈာန်ရရှိပြီး ဈာနလာဘီပုဂ္ဂိုလ်တို့သာ အားထုတ်၍ ရနိုင်သော ဈာန်စိတ်များဖြစ်သည်။

✔ ရူပါဝစရဈာနလာဘီပုဂ္ဂိုလ်သည် ရုပ်ကို စက်ဆုပ်၍ ပညတ်အာရုံ, နာမ်အာရုံတို့ကို အာရုံနိမိတ်ယူပြီး အားထုတ်၍ရသော ဈာန်ကို "အရူပဈာန်"ဟု ခေါ်သည်။

http://www.dhammadownload.com



## (က) အရူပါဝစရကုသိုလ်စိတ် ၄-ပါးဆိုရိုး

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | အာကာသာနဉ္စာယတနကုသိုလ်စိတ် |
| ၂။ | ။ | ။ | ဝိညာဏဉ္စာယတနကုသိုလ်စိတ် |
| ၃။ | ။ | ။ | အာကိဉ္စညာယတနကုသိုလ်စိတ် |
| ၄။ | ။ | ။ | နေဝသညာနာသညာယတနကုသိုလ်စိတ် |

ဝိပါက်စိတ် ၄-ပါး၊ ကြိယာစိတ် ၄-ပါးဆိုရိုးများနည်းတူပင်။

အဓိပ္ပါယ် ။ ။

အာကာသာနဉ္စာယတနစိတ်။ ။ကောင်းကင်ပညတ်ကို အာရုံပြုသောဈာန်စိတ်။
(ဝါ) ကောင်းကင်ပညတ်အာရုံ၌ တည်သော ဈာန်စိတ်။

ဝိညာဏဉ္စာယတနစိတ် ။ ။ ပထမာရုပ္ပဝိညာဏ် (အကာသာနဉ္စာယတနစိတ်)ကို အာရုံပြုသော ဈာန်စိတ်။

အာကိဉ္စညာယတနစိတ် ။ ။ ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်း - နတ္ထိဘာဝပညတ်ကို အာရုံပြုသော ဈာန်စိတ်။

နေဝသညာနာသညာယတနစိတ်။ ။တတိယာရုပ္ပဝိညာဏ် (အာကိဉ္စညာယတနစိတ်)ကို အာရုံပြုသောဈာန်စိတ်။

## မဟဂ္ဂုတ်စိတ် ၂၇-ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရစိတ် | ၁၅-ပါး |
| ၂။ | အရူပါဝစရစိတ် | ၁၂-ပါး |
| | ပေါင်း | ၂၇-ပါး |

မဟဂ္ဂုတ်စိတ် ။ ။ မြတ်သည်၏အဖြစ်သို့ ရောက်သောစိတ် (မြင့်မြတ်သောစိတ်) (ဝါ) မြတ်ကုန်သော ဈာနလာဘီပုဂ္ဂိုလ်တို့သည်သာ ရအပ်, ရောက်အပ်သောစိတ်။

## လောကီစိတ် ၈၁-ပါး

| | | |
|---|---|---|
| ၁။ | ကာမာဝစရစိတ် | ၅၄-ပါး |
| ၂။ | မဟဂ္ဂုတ်စိတ် | ၂၇-ပါး |
| | ပေါင်း | ၈၁-ပါး |

လောကီစိတ် ။ ။ ကာမ, ရူပ, အရူပ-ဟူသော လောက ၃-ပါး၌ အဖြစ်များသော စိတ် (ဝါ) လောက၌ ထင်ရှားသော စိတ်။

## ၄။ လောကုတ္တရာစိတ် အကျဉ်း ၈-ပါး

| | | |
|---|---|---|
| ၁။ | မဂ်စိတ် | ၄-ပါး (လောကုတ္တရာကုသိုလ်စိတ် ၄-ပါး) |
| ၂။ | ဖိုလ်စိတ် | ၄-ပါး (လောကုတ္တရာဝိပါက်စိတ် ၄-ပါး) |
| | ပေါင်း | ၈-ပါး |

http://www.dhammadownload.com



| | မဂ်စိတ် ၄-ပါး | ဖိုလ်စိတ် ၄-ပါး |
|---|---|---|
| ၁။ | သောတာပတ္တိမဂ်စိတ် | သောတာပတ္တိဖိုလ်စိတ် |
| ၂။ | သကဒါဂါမိမဂ်စိတ် | သကဒါဂါမိဖိုလ်စိတ် |
| ၃။ | အနာဂါမိမဂ်စိတ် | အနာဂါမိဖိုလ်စိတ် |
| ၄။ | အရဟတ္တမဂ်စိတ် | အရဟတ္တဖိုလ်စိတ် |

လောကုတ္တရာစိတ် ။ ။ ဥပါဒါနက္ခန္ဓာဟူသော သံသရာလောကမှ လွန်မြောက်ဆဲ, လွန်မြောက်ပြီးစိတ် (ဝါ) ကာမ, ရူပ, အရူပ-ဟူသော လောက ၃-ပါးမှ လွတ်မြောက်သော စိတ် (ဝါ) ကာမ, ရူပ, အရူပဟူသော လောက ၃-ပါးထက် သာလွန်မြင့်မြတ်သော စိတ်။

## မဂ္ဂင်, မဂ်, မဂ်စိတ်, ဖိုလ်စိတ် ခွဲခြားပုံ

၁။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ (ပ) သမ္မာသမာဓိ-ဟူသော မဂ္ဂင် ၈-ပါးအစိတ်အစိတ် တစ်ပါးစီကို "မဂ္ဂင်"ဟု ခေါ်သည်။

၂။ ထိုသမ္မာဒိဋ္ဌိ-စသော မဂ္ဂင် ၈-ပါး အပေါင်းကို "မဂ်"ဟု ခေါ်သည်။

၃။ ထိုမဂ်နှင့်ယှဉ်သော စိတ်ကို "မဂ်စိတ်"-ဟု ခေါ်သည်။

၄။ မဂ်စိတ်၏ အကျိုးဖြစ်သော ဝိပါက်စိတ်ကို "ဖိုလ်စိတ်"ဟု ခေါ်သည်။

- ✔ မဂ်စိတ်သည် လောကုတ္တရာကုသိုလ်စိတ်ဖြစ်၏။
- ✔ ဖိုလ်စိတ်သည် လောကုတ္တရာဝိပါက်စိတ်ဖြစ်၏။

➤ ကိလေသာတို့ကို ပယ်သတ်လျက် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သွားတတ်သောကြောင့် (တစ်နည်း) နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် (တစ်နည်း) နိဗ္ဗာန်ကို လိုလားသူတို့သည် ရှာမှီးအပ်သောကြောင့်"မဂ်"ဟု ခေါ်သည်။

## "အခြေပြဓါတ်"

လောကုတ္တရာစိတ်သည် - ဝိပဿနာယာနိကပုဂ္ဂိုလ်၏အစွမ်းဖြင့် အကျဉ်း ၈-ပါး၊ သမထယာနိကပုဂ္ဂိုလ်၏ အစွမ်းဖြင့် အကျယ် ၄၀-ဖြစ်၏။

သမထယာနိက ။ ။ ဈာန်တရားရရှိရန် သမထကမ္မဋ္ဌာန်းအားထုတ်သူ။
ဝိပဿနာယာနိက။ ။ မဂ်, ဖိုလ်ရရန် ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်သူ။

## စိတ်အကျယ် ၁၂၁-ပါးဖြစ်လာပုံ

လောကုတ္တရာစိတ်အကျဉ်း ၈-ပါးမှ အကျယ် ၄၀-ပြားသောကြောင့် စိတ်အကျဉ်း ၈၉-ပါးမှ စိတ်အကျယ် ၁၂၁-ပါးဖြစ်လာရသည်။

http://www.dhammadownload.com



## စိတ်အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၁-ပါး

| | | |
|---|---|---|
| ၁။ | လောကီစိတ် ၈၁-ပါး | လောကီစိတ် ၈၁-ပါး |
| ၂။ | လောကုတ္တရာစိတ်အကျဉ်း ၈-ပါး | လောကုတ္တရာစိတ်အကျယ် ၄၀-ပါး |
| | စိတ်အကျဉ်း ၈၉-ပါး | အကျယ် ၁၂၁-ပါး |

## စိတ်အကျဉ်း ၈၉-ပါး, အကျယ် ၁၂၁-ပါးကို

### (၁) ဘူမိဘေဒ (ဘုံအမျိုးအစား) ဖြင့် ဝေဘန်ခြင်း

| စဉ် | စိတ်အကျဉ်း | စိတ်အကျယ် |
|---|---|---|
| ၁။ | ကာမာဝစရစိတ် ၅၄-ပါး | ၅၄-ပါး |
| ၂။ | ရူပါဝစရစိတ် ၁၅-ပါး | ၁၅-ပါး |
| ၃။ | အရူပါဝစရစိတ် ၁၂-ပါး | ၁၂-ပါး |
| ၄။ | လောကုတ္တရာစိတ် ၈-ပါး | ၄၀-ပါး |
| | ပေါင်း အကျဉ်း ၈၉ | အကျယ် ၁၂၁-ပါး |

### (၂) ဇာတိဘေဒ(ဇာတ်အမျိုးအစား) ဖြင့် ဝေဘန်ခြင်း

| စဉ် | စိတ်အကျဉ်း | စိတ်အကျယ် |
|---|---|---|
| ၁။ | အကုသိုလ်စိတ် ၁၂-ပါး | ၁၂-ပါး |
| ၂။ | ကုသိုလ်စိတ် ၂၁-ပါး | ၃၇-ပါး |
| ၃။ | ဝိပါက်စိတ် ၃၆-ပါး | ၅၂-ပါး |
| ၄။ | ကြိယာစိတ် ၂၀-ပါး | ၂၀-ပါး |
| | ပေါင်း အကျဉ်း ၈၉-ပါး | အကျယ် ၁၂၁-ပါး |

✔ ဝိပါက်စိတ်, ကြိယာစိတ် (၂)ရပ်ပေါင်း၍ "အဗျာကတစိတ်"အမည်ဖြင့်လည်း ဝေဘန်နိုင်သည်။

**စိတ်ပိုင်းပြီး၏။**

==========================

http://www.dhammadownload.com



## ၂။ စေတသိက်ပိုင်း

စိတ်၌မှီ၍ စိတ်ကို ခြယ်လှယ်တတ်သော, စိတ်နှင့်အမြဲယှဉ်သော (စေတောယုတ္တလက္ခဏာ လေးပါးနှင့်ညီညွတ်သော) ၅၂-ပါးသော သဘောတရား များကို "စေတသိက်" ဟုခေါ်သည်။

ဆောင်။ ။ စိတ်၌ မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ့်နှင့်ဒွိတ်၊ စေတသိက်။ (လယ်တီ)

### စေတသိက်လက္ခဏာ ၄-ပါး (ဝါ) စေတောယုတ္တလက္ခဏာ ၄-ပါး

၁။ ဧကုပ္ပါဒ = စိတ်နှင့် အတူဖြစ်ခြင်း။ (စိတ်ဖြစ်သည်နှင့် တပြိုင်နက် အတူတကွဖြစ်ခြင်း)။

၂။ ဧကနိရောဓ = စိတ်နှင့် အတူချုပ်ခြင်း။ (စိတ်ချုပ်သည်နှင့်တပြိုင်နက် အတူတကွ ချုပ်ခြင်း။)

၃။ ဧကာလမ္ဗဏ = စိတ်နှင့်အာရုံတူခြင်း။ (စိတ်ယူအပ်သော အာရုံကိုသာ ယူခြင်း။ စိတ်က ရူပါရုံကို အာရုံပြုလျှင် စေတသိက်ကလည်းထိုရူပါရုံကိုပင် အာရုံပြုရသည်။)

၄။ ဧကဝတ္ထုက = စိတ်နှင့် မှီရာဝတ္ထုတူခြင်း။ (စိတ်က စက္ခုဝတ္ထုကိုမှီလျှင်စေတသိက်ကလည်း ထိုစက္ခုဝတ္ထု ကိုပင် မှီရသည်-စသည်။)

ဆောင်။ ။ ဖြစ်, ချုပ်, မှီ,အာ၊ ဤလေးဖြာ၊ အင်္ဂါ ယှဉ်နိမိတ်။

### စေတသိက် (၅၂)ပါးသရုပ်

| | | |
|---|---|---|
| အညသမာန်းစေတသိက်စု (၁၃)ပါး | (က)သဗ္ဗစိတ္တသာဓာရဏ ၇ | ဖဿ, ဝေဒနာ, သညာ, စေတနာ ဧကဂ္ဂတာ,ဇီဝိတိန္ဒြိယ, မနသိကာရ |
| | (ခ) ပကိဏ်း ၆ | ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ |
| အကုသိုလ်စေတသိက်စု (၁၄)ပါး | မောစတုက် ၄ | မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ |
| | လောတြိ ၃ | လောဘ, ဒိဋ္ဌိ, မာန |
| | ဒေါစတုက် ၄ | ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ |
| | ဆုံးတြိ ၃ | ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ, |
| သောဘနစေတသိက်စု (၂၅)ပါး | (က)သောဘနသာဓာရဏ ၁၉ | သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ,စိတ္တကမ္မညတာ, ကာယပါဂုညတာ,စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ။ |
| | (ခ) ဝိရတီ ၃ | သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ |
| | (ဂ)အပ္ပမညာ ၂ | ကရုဏာ, မုဒိတာ |
| | (ဃ)ပညိန္ဒြေ ၁ | ပညာ (အမောဟ) |

http://www.dhammadownload.com



## စေတသိက် (၅၂)ပါး အမျိုးအစား

၁။ အညသမာန်းစေတသိက် ၁၃-ပါး
၂။ အကုသိုလ်စေတသိက် ၁၄-ပါး
၃။ သောဘနစေတသိက် ၂၅-ပါး

## ၁။ အညသမာန်းစေတသိက် ၁၃-ပါး

(က) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး
(ခ) ပကိဏ်းစေတသိက် ၆-ပါး

(က) သဗ္ဗစိတ္တသာဓာရဏစေတသိက် ။ ။ အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော စေတသိက်။ စိတ်အားလုံးနှင့်ယှဉ်နိုင်သောစိတ်ဖြစ်တိုင်းပါကြရသော စေတသိက် ၇-ပါး။

## သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့၏ သဘောလက္ခဏာ

၁။ ဖဿ ။ ။ အာရုံကို တွေ့ထိခြင်းသဘော။
ဥပမာ ။ ။ ချဉ်သီးစားနေသူကို မြင်၍ သွားရည်ယိုခြင်း, သွားကျင်ခြင်းမျိုး၊ သစ်ပင်ဖျားတက်နေသူကိုမြင်၍ ကြောက်ဒူးတုန်ခြင်းမျိုးနှင့် တူ၏။

၂။ ဝေဒနာ ။ ။ အာရုံ၏ အရသာကို ခံစားခြင်းသဘော။
ဥပမာ ။ ။ ရှင်ဘုရင်၏ ကောင်းမြတ်သော ဘောဇဉ်အရသာကို ပိုင်စိုး ပိုင်နင်းခံစားခြင်းနှင့်တူ၏။

၃။ သညာ ။ ။ အာရုံကို မှတ်သားခြင်းသဘော။
ဥပမာ ။ ။ လက်သမားဆရာတို့၏ (နောင်အခါဖြတ်တောက် ထွင်းဖောက်နိုင်ဖို့အတွက်) သစ်သားပေါ်၌ ခဲအမှတ် အသားပြုခြင်းနှင့်တူ၏။

၄။ စေတနာ ။ ။ အာရုံ၌ ယှဉ်ဘက်တရားတို့ကို ဆိုင်ရာကိစ္စဆောင်ရွက်ရန် စေ့ဆော် တိုက်တွန်း နှိုးဆော်ခြင်းသဘော။
ဥပမာ ။ ။ ကိုယ်တိုင် မိမိကိစ္စကို ဆောင်ရွက်ရုံမက၊ အောက်လက်ငယ်သားတို့ကိုလည်း ဆိုင်ရာကိစ္စတို့၌ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်တတ်သော တပည့်ကြီး, လက်သမားကြီး, စစ်သူကြီးတို့နှင့် တူ၏။

၅။ ဧကဂ္ဂတာ။ ။အာရုံတစ်ခုထည်း၌ တည်ကြည်ခြင်း (မပျံ့လွင့်ခြင်း)သဘော။
ဥပမာ ။ ။ လေငြိမ်ရာ၌ ထွန်းထားသော ဆီမီးလျှံ၏ (လှုပ်ရှားခြင်းမရှိဘဲ)တည်ငြိမ်နေခြင်းနှင့်တူ၏။

၆။ ဇီဝိတိန္ဒြေ ။ ။ယှဉ်ဘက်တရားတို့ကို စဉ်ဆက်မပြတ်ဖြစ်စေရန် စောင့်ရှောက်ခြင်း, အစိုးရခြင်းသဘော။
ဥပမာ ။ ။ ကြာရိုးထဲတွင် တည်ရှိနေသော ရေသည် ကြာပင်ကို ဆက်လက်ရှင်သန်စေရန် စောင့်ရှောက်ခြင်းနှင့် တူ၏။

http://www.dhammadownload.com



၇။ မနသိကာရ ။ ။ စိတ်ထဲ၌ အာရုံပေါ်လာအောင်နှလုံးသွင်းခြင်းသဘော
(အာရုံထဲ၌ စိတ်ကိုထည့်ထားခြင်းသဘော။)
ဥပမာ ။ ။ အာဇာနည်မြင်းကို အလိုရှိရာအရပ်သို့ ကောင်းစွာမောင်းနှင်နိုင်သော ရထားထိန်းနှင့်တူ၏။

==============================

(ခ) ပကိဏ်းစေတသိက်။ ။ စိတ်အားလုံးနှင့် မယှဉ်နိုင်ပဲ အချို့သောစိတ်တို့၌ ဖိုစာစ်ချို့ သည်တစ်ချို့ ရောရော
ပြွမ်းပြွမ်းယှဉ်တတ်သောစေတသိက် ၆-ပါး။

## ပကိဏ်းစေတသိက်တို့၏ သဘောလက္ခဏာ

၁။ ဝိတက်။ ။ယှဉ်ဘက်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးခြင်း(ကြံစည်ခြင်း)သဘော။
ဥပမာ ။ ။ ခေါင်းလောင်းထိုးသောအခါ ရှေးဦးစွာ ထွက်ပေါ်လာသော အသံနှင့်တူ၏။

၂။ ဝိစာရ။ ။ အာရုံကို သုံးသပ်ခြင်း (ထပ်၍ထပ်၍ ယူခြင်း)သဘော။
ဥပမာ ။ ။ ခေါင်းလောင်းထိုးသောအခါ နောက်ထပ်ဆက်၍ ဆက်၍ထွက်ပေါ်လာသော ကြေးညီးသံနှင့်တူ၏။

၃။ အဓိမောက္ခ။ ။ အာရုံကို ဆုံးဖြတ်ခြင်းသဘော (ကောင်းသည့်ဘက်၌ ဖြစ်စေ၊ မကောင်းသည့်ဘက်၌
ဖြစ်စေ အမှုကိစ္စဆောင်ရွက်ရန် အခိုင်အမာဆုံးဖြတ်ချက်ချခြင်းသဘော။
ဥပမာ ။ ။ တရားသူကြီးနှင့် တူ၏။

၄။ ဝီရိယ။ ။ သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်း (အားထုတ်ခြင်း၊ အားတက်သရော်ရှိခြင်း)သဘော။
ဥပမာ ။ ။ ယိုယွင်းယိုင်နေသော အဆောက်အအုံများကို ပြိုလဲမသွားအောင်ကျားကန်ထောက်ကူပေးထားသော
ထောက်တိုင်နှင့်တူ၏။

၅။ ပီတိ။ ။အာရုံကို နှစ်သက်ခြင်းသဘော။
ဥပမာ ။ ။ ကန္တာရခရီးကြမ်းကို ဖြတ်သန်းခဲ့ရသော သူ၏ တောအုပ်တစ်ခု၌ ကြည်လင်သောရေအိုင်ကြီးကို
မြင်ရသည့်အခါ နှစ်သက်ခြင်းနှင့်တူ၏။ (ပီတိဖြစ်လာသည့်အခါ စိတ်၊ စေတသိက်တို့ ရွှင်လန်းကြ၏-ဟူလို)

၆။ ဆန္ဒ ။ ။ အာရုံကို လိုလားတောင့်တခြင်း (ပြုလိုကာမတ္တ)သဘော။
ဥပမာ ။ ။ ပစ်လွှတ်ရန် မြှားတောင့်မှ မြှားကိုလှမ်းယူနေသော လေးသမားနှင့်တူ၏။

အညသမာန်း ။ ။ ဤဆိုခဲ့ပြီးသော စေတသိက် ၁၃-ပါးသည် သောဘနစိတ်၊ အသောဘနစိတ် ၂-မျိုးလုံး၌
ယှဉ်နိုင်သောကြောင့် (ဝါ) ကုသိုလ်၊ အကုသိုလ် (ကောင်း + ဆိုးနှစ်တန်) ဆက်ဆံသော
ကြောင့် အညသမာန်း စေတသိက်မည်၏။

- ✔ သောဘနစိတ်တို့၌ ယှဉ်ခိုက် ကုသိုလ်စေတသိက်များဖြစ်ကြသည်။
- ✔ အသောဘနစိတ်တို့၌ယှဉ်ခိုက် အကုသိုလ်စေတသိက်များ ဖြစ်ကြသည်။

ဆောင်။ ။ ကောင်း/ဆိုးနှစ်တန်၊ ခပ်တိုင်း ငန်၊ သမာန် အညာ၊ တေရသ။

http://www.dhammadownload.com



## ၂။ အကုသိုလ်စေတသိက် ၁၄-ပါး

အကုသိုလ်စေတသိက် = စိတ်ကို မကောင်းအောင်အပြစ်ရှိအောင် ခြယ်လှယ်သည့် စေတသိက်(ဝါ) အပြစ်နှင့် တကွ မကောင်းသော အကျိုးကို ပေးသောစေတသိက် (ဝါ) အကုသိုလ်နှင့်သာ သက်ဆိုင်သော စေတသိက်။

၁။ မောဟ။ ။ အာရုံ၏ သဘောအမှန်ကို ဖုံးကွယ်ခြင်း, အာရုံ၌ တွေဝေခြင်းသဘော။
(ရှိပြီးသော ပညာစက္ခုကို ကန်းအောင်ပြုတတ်သော တရား)
ဥပမာ ။ ။ လကွယ်, သန်းခေါင်, မိုးမှောင်, တောအုပ်ဟူသော အင်္ဂါလေးပါးရှိသည့် အမိုက်မှောင်နှင့်တူ၏။
(တစ်နည်း) မြက်ခြောက်ကို မြက်စိမ်းထင်အောင် ဖုံးကွယ်ထားသော မျက်မှန်စိမ်းနှင့်တူ၏။

➢ မုယှတီတိ မောဟော နာမ၊ ဇသော အညာဏလက္ခဏော၊

ဆောင်။ ။ သဘောမှန်ရာ၊ ဖုံးကွယ်ကာ၍၊ ပညာစက္ခု၊ ကန်းအောင်ပြုလျှင်း၊ မိုက်မဲခြင်း၊ မယွင်းမောဟသဘောတည်း။

၂။ အဟိရိက ။ ။ မကောင်းမှုဒုစရိုက်မှ မရှက်ခြင်းသဘော။
ဥပမာ ။ ။ မစင်ကို စားရမှာ မရှက်သော ရွာဝက်နှင့်တူ၏။

၃။ အနောတ္တပ္ပ ။ ။ မကောင်းမှုဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော။
ဥပမာ ။ ။ မီးကို မကြောက်ရွံ့ဘဲ ဖွတ်ဝင်တိုးသော ပိုးဖလံကောင်နှင့်တူ၏။

၄။ ဥဒ္ဓစ္စ ။ ။ စိတ်၏ မငြိမ်မသက် ပျံ့လွင့်ခြင်းသဘော။
ဥပမာ ။ ။ ပြာပုံကို ခဲဖြင့် ပစ်သည့်အခါ ပြာမှုန့်များပျံ့လွင့်သွားခြင်းနှင့်တူ၏။
(တစ်နည်း) လေအရှိန်ကြောင့် ရေမငြိမ်ခြင်းနှင့်တူ၏။

မောဟခေါင်းဆောင်သော ဤစေတသိက်လေးပါးသည် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ယှဉ်သောကြောင့် "သဗ္ဗာကုသလသာဓာရဏ"အမည်ရသည်။ မောဟအုပ်စုတွင်ပါဝင်သောကြောင့် မောစတုက် ၄-ပါးဟုလည်း ခေါ်ကြသည်။

ဆောင်။ ။ မော, ဟိ, နော, ဥဒ်၊ မောစတုက်။

၅။ လောဘ။ ။ လောကီအာရုံကာမဂုဏ်တို့၌ လိုချင်ခြင်း, ငြိကပ်ခြင်း, တပ်မက်ခြင်းသဘော။
(ကုသိုလ်အရာ၌ လိုချင်ခြင်းကား။ ကုသိုလ်ဆန္ဒသာတည်း။)

### လောဘနှင့် ဆန္ဒအထူး

- ✔ မျောက်နဲ့စေးဖြင့် ကပ်သကဲ့သို့ ကာမဂုဏ်အာရုံ၌ ငြိကပ်တွယ်တာခြင်းသဘောပါသော လိုချင်မှုသည် လောဘ။
- ✔ ငြိကပ်တွယ်တာခြင်းမရှိပဲ အာရုံတစ်ခုကို ရလိုရုံမျှသည် ဆန္ဒ။

http://www.dhammadownload.com



## လောဘ၏ အမည်ကွဲများ

ဤလောဘစေတသိက်ကိုပင် အကုသိုလ်အရာ၌ စွမ်းဆောင်နိုင်သည့် သဘောသတ္တိကို လိုက်၍ဏှာ, ရာဂ, ကာမ, အာသဝ, အဘိဇ္ဈာ, နိကန္တိ, အာလယ, အာသင်္ဂ, အနုသယ, ကိလေသာ, သမုဒယသစ္စာ-ဟူသော အမည်နာမ အမျိုးမျိုးဖြင့် ဆိုကြသေးသည်။

၆။ ဒိဋ္ဌိ ။ ။ မှားမှားယွင်းယွင်း သိမြင်ခြင်း။ (အယူမှားခြင်း)သဘော။
ဥပမာ ။ ။ မျက်စိလည်လမ်းမှားနေသူနှင့်တူ၏။

## ဉာဏ်နှင့် ဒိဋ္ဌိအထူး

- ✔ ဉာဏ်-သည် အာရုံကို ဟုတ်သောအားဖြင့် သိ၏။ သဘာဝအမှန်ကို သိခြင်းပင် ဖြစ်၏။
- ✔ ဒိဋ္ဌိ-ကား သဘာဝအမှန်တရားကိုစွန့်၍ အမှားကို သိခြင်းသာတည်း။

၇။ မာန ။ ။ လောကမှာ ငါသာလျှင် အမြတ်ဆုံးဟု ထောင်လွှားတက်ကြွခြင်း သဘော။
ဥပမာ ။ ။ အလံတံခွန်, မှန်ကင်းတို့နှင့်တူ၏။
ဆောင်။ ။ အများထက်ချွန်၊ စိတ်နေလွန်၍၊ တံခွန်အလား၊ ငါတကားဟု၊ ထောင်လွှားပြုလျက်၊ ကြွကြွတက်လျှင်း၊ မှတ်ထင်ခြင်း၊ မယွင်းမာနသဘောတည်း။

ဤဆိုခဲ့ပြီးသော လောဘ, ဒိဋ္ဌိ, မာနစေတသိက် ၃-ပါးသည် လောဘအုပ်စု တွင် ပါဝင်သောကြောင့် "လောတြိ"စေတသိက်ဟူ၍ အတိုကောက် ခေါ်ကြသည်။ ယင်းလောဘ, ဒိဋ္ဌိ, မာန ၃-ပါးသည် သတ္တဝါတို့ကို သံသရာ၌ ကြာမြင့်စေတတ် ချဲ့ထွင်တတ်သောတရားဆိုးများဖြစ်၍ "ပပဉ္စ"ဟူ၍လည်းဆိုကြသည်။

၈။ ဒေါသ ။ ။ ခက်ထန်ကြမ်းတမ်းခြင်းသဘော။
ဥပမာ ။ ။ တုတ်, လှံတံဖြင့် ရိုက်ခတ်ခံရသော မြွေဟောက်နှင့်တူ၏။

ဤဒေါသစေတသိက်ကိုပင်အကုသိုလ်အရာ၌ စွမ်းဆောင်နိုင်သည့် သဘောသတ္တိကိုလိုက်၍ဗျာပါဒ, ပဋိဃ, ဗျာပါဒ, ကောပ-အမည်တို့ဖြင့်လည်း ခေါ်ဝေါ်ကြသည်။

၉။ ဣဿာ ။ ။ သူတစ်ပါးတို့၏ ဂုဏ်သိရ်စည်းစိမ်ချမ်းသာကို ငြူစူစောင်းမြောင်းခြင်း၊ မနာလိုခြင်းသဘော။

၁၀။ မစ္ဆရိယ ။ ။ မိမိစည်းစိမ်, ဂုဏ်သိရ်ချမ်းသာတို့ကို ဝန်တိုခြင်းသဘော၊ သူတစ်ပါးတို့နှင့် မဆက်ဆံစေလိုခြင်း၊ နှမြောခြင်းသဘော။

## မစ္ဆရိယ ၅-မျိုး

၁။ အာဝါသမစ္ဆရိယ = ကျောင်းကန်တိုက်တာနေရာထိုင်ခင်းတို့၌ ဝန်တိုမှု။
၂။ ကုလမစ္ဆရိယ = ဆွေမျိုးဉာတိတပည့်ဒကာဒကာမတို့၌ ဝန်တိုမှု။
၃။ လာဘမစ္ဆရိယ = ပစ္စည်းလာဘ်လာဘတို့၌ ဝန်တိုမှု။
၄။ ဝဏ္ဏမစ္ဆရိယ = ရုပ်ရည်အဆင်းဂုဏ်သတင်းတို့၌ ဝန်တိုမှု။
၅။ ဓမ္မမစ္ဆရိယ = မိမိတတ်သိထားသော အတတ်ပညာ၌ ဝန်တိုမှု။

http://www.dhammadownload.com



၁၁။ ကုက္ကုစ္စ ။ ။ ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ အဖန်တလဲလဲ စိုးရိမ်ခြင်း, နောင်တဖန်ပူပန်ခြင်းသဘော။

ဤဆိုခဲ့ပြီးသော ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက် ၄-ပါးသည် ဒေါသအုပ်စုဝင် စေတသိက်များဖြစ်ကြသောကြောင့် "ဒေါစတုက် ၄-ပါး"ဟုလည်း ခေါ်ကြသည်။

ဆောင်။ ။ ဒေါ, ဣသ်, မစ်, ကုက်၊ ဒေါစတုတ်။

၁၂။ ထိန ။ ။ စိတ်၏ ထိုင်းမှိုင်းခြင်း၊ စိတ်မလန်းပဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်းသဘော။
ဉပမာ ။ ။ ဝီရိယကင်းမဲ့သော ပျင်းရိနေသူနှင့်တူ၏။

၁၃။ မိဒ္ဓ ။ ။ စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းသဘော။
ယှဉ်ဘက်စိတ်,စေတသိက်များမလန်းပဲ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေခြင်းသဘော။
ဉပမာ ။ ။ နာလန်ထ လူမမာနှင့်တူ၏။
(အိပ်ချင်မူးတူးဖြစ်နေသည့်အခါ ဤထိန, မိဒ္ဓစေတသိက် ၂-ပါးထင်ရှား၏။)

၁၄။ ဝိစိကိစ္ဆာ။ ။ အာရုံကို မဆုံးဖြတ်နိုင်ခြင်းသဘော။ ရတနာ ၃-ပါးအပေါ်၌ ယုံမှားသံသယရှိခြင်း "ဘုရားဆိုတာ ရှိမှ ရှိရဲ့လား"စသည်ဖြင့် စိတ်ဒွိဟဖြစ်ခြင်းစသည်။
ဉပမာ ။ ။ လမ်း ၂-ခွ၌ ရောက်နေသူနှင့်တူ၏။

---

## (၃) သောဘနစေတသိက် ၂၅-ပါး

| | | |
|---|---|---|
| (က) | သောဘနသာဓာရဏစေတသိက် | ၁၉-ပါး |
| (ခ) | ဝိရတီစေတသိက် | ၃-ပါး |
| (ဂ) | အပ္ပမညာစေတသိက် | ၂-ပါး |
| (ဃ) | ပညိန္ဒြေစေတသိက် | ၁-ပါး |
| | ပေါင်း | ၂၅-ပါး |

လောဘ, ဒေါသစသော အပြစ်မရှိသဖြင့် တင့်တယ်သော (ဝါ) အပြစ်ကင်းစင်၍ ကောင်းကျိုးချမ်းသာကို ပေးသော စေတသိက် ၂၅-ပါးကို "သောဘနစေတသိက်"ဟု ခေါ်သည်။ ယင်းစေတသိက် ၂၅-ပါးသည် အသောဘနစိတ်တို့၌ မယှဉ်ကြ။ သောဘနစိတ်များ၌သာ (ထိုက်သင့်သလို) ယှဉ်ကြသည်။

### သောဘနသာဓာရဏ စေတသိက် ၁၉-ပါး

သောဘနသာဓာရဏ။ ။သောဘနစိတ်အားလုံးနှင့်ဆက်ဆံသော (ယှဉ်နိုင်သော)စေတသိက်များ။

၁။ သဒ္ဓါ ။ ။ မှန်ကန်သော ဘုရား, တရား, သံဃာနှင့် ကံ, ကံ၏အကျိုးစသည်တို့ကို ယုံကြည်ခြင်း,ကြည်ညိုခြင်း သဘော, ယှဉ်ဘက်တရားတို့ကိုကြည်လင်စေခြင်းသဘော။
ဉပမာ ။ ။ နောက်ကျုနေသော ရေကို ကြည်လင်စေတတ်သော စကြာဝတေးမင်းပတ္တမြားရတနာနှင့်တူ၏။

၂။ သတိ။ ။ ဘုရား, တရား-အစရှိသော ကုသိုလ်ကောင်းမှုအာရုံတို့ကို အောက်မေ့ခြင်း, အမှတ်ရခြင်း, မမေ့မလျော့ခြင်းသဘော။
ဉပမာ ။ ။ ရတနာဘဏ္ဍာကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရသော ဘဏ္ဍာထိန်းနှင့်တူ၏။
ရန်သူများ မဝင်နိုင်ရန် စောင့်ထိန်းသော တံခါးမှူးနှင့်လည်း တူ၏။

http://www.dhammadownload.com



✔ သမ္မာသတိ, မိစ္ဆာသတိ ၂-မျိုးတွင် ဤ၌ သမ္မာသတိကို ယူရမည်။

➤ သမ္မာသတိ = ကုသိုလ်ဆိုင်ရာ ကောင်းမှုအာရုံတို့ကို အမှတ်ရမှု။
➤ မိစ္ဆာသတိ = အကုသိုလ်ဆိုင်ရာတို့၌ အမှတ်ရမှု။ (သတိအတု။)

၃။ ဟိရီ ။ ။ မကောင်းမှုဒုစရိုက်မှုပြုရမည်ကို ရှက်ခြင်းသဘော။
ဥပမာ ။ ။ အမျိုးသမီးကောင်း သမီးပျိုနှင့်တူ၏။

၄။ ဩတ္တပ္ပ။ ။ မကောင်းမှုဒုစရိုက်မှု ပြုရမည်ကို ကြောက်လန့်ခြင်းသဘော။
ဥပမာ ။ ။ ပဋိသန္ဓေကိုယ်ဝန်ရှိမည်ကို ကြောက်လန့်သော ပြည့်တန်ဆာမနှင့်တူ၏။
ဆောင်။ ။ ဒုစရိုက်ဆိုး၊ အမိုက်မျိုးမှ၊ ရှက်စနိုးမှု၊ ဟိရီယူ၊ ကြောက်မှု ဩတ္တပ္ပ။

**လောကပါလ တရား ၂-ပါး**

ဤဟိရီ, ဩတ္တပ္ပ (အရှက်, အကြောက်)တရား ၂-ပါးသည် လောကကြီးကို (မပျက်စီးအောင်, မနိမ့်ကျအောင်, သာယာလှပအောင်, လူနှင့် တိရစ္ဆာန်ကွဲပြားအောင်) ထိန်းသိမ်းစောင့်ရှောက်တတ်သောကြောင့် "လောကပါလ"တရားမည်၏။ ဤတရား ၂-ပါးကသာ မစောင့်ရှောက်မူကား လူနှင့်တိရစ္ဆာန်ခြားနားကြမည် မဟုတ်ပေ။

၅။ အလောဘ ။ ။ လောကီအာရုံကာမဂုဏ်ကို မလိုချင်, မတပ်မက်ခြင်းသဘော၊ စွန့်လွှတ်နိုင်ခြင်းသဘော။
(သုတ္တန်နည်းအရ ဒါနအမည်ရသော စေတသိက်။)
ဥပမာ ။ ။ ကိလေသာအားလုံးကုန်ပြီးသော ရဟန္တာတူ၏။

၆။ အဒေါသ ။ ။(ဆန့်ကျင်ဘက်အာရုံတို့နှင့်တွေ့ကြုံရသော်လည်း) မခက်ထန်၊ မကြမ်းတမ်းခြင်းသဘော။
ဥပမာ ။ ။ အရာရာတွင်လိုက်လျောတတ်သော မိတ်ဆွေကောင်းနှင့်တူ၏။

၇။ တတြမဇ္ဈတ္တတာ။ ။ စိတ်, စေတသိက်တို့ကို မိမိတို့၏ ကိစ္စ၌ အပိုအလွန် မရှိစေရအောင် (မယုတ်မလွန် မျှတစေရန်)အလယ်အလတ်၌ တည့်မတ်ပေးခြင်း, လျစ်လျူရှုခြင်းသဘော။ (ဥပေက္ခာ)
ဥပမာ။ ။ မြင်းနှစ်ကောင်ကသော ရထားကို မောင်းနှင်သော ရထားထိန်းနှင့်တူ၏။

ဤစေတသိက်သည် သတ္တဝါတို့အပေါ်၌ ချစ်ခြင်း, မုန်းခြင်းဟူသော အစွန်း ၂-ဘက်လွတ်အောင် မျှမျှတတထိန်းပေး၏။ ဘက်လိုက်ခြင်းမရှိ။

၈။ ကာယပဿဒ္ဓိ။ ။ စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘော။
(စေတသိက်တို့၏ ပူပန်ခြင်းကို ငြိမ်းအေးစေခြင်း။)
၉။ စိတ္တပဿဒ္ဓိ။ ။ စိတ်၏ ငြိမ်းအေးခြင်းသဘော။
(စိတ်၏ ပူပန်ခြင်းကို ငြိမ်းအေးစေခြင်းသဘော။)
ဥပမာ ။ ။ ဤစေတသိက် ၂-ပါးသည် အေးမြသောရေ၌ ပစ်ချအပ်သော ငါးနှင့်တူ၏။ (ဤပဿဒ္ဓိစေတသိက် ၂-ပါးသည် ဥဒ္ဓစ္စ၏ဆန့်ကျင်ဘက်တည်း။)

http://www.dhammadownload.com



၁၀။ ကာယလဟုတာ။ ။ စေတသိက်အပေါင်း၏ လျှင်မြန်ပေါ့ပါးခြင်းသဘော။
(စေတသိက်အပေါင်း၏ လေးလံထိုင်းမှိုင်းခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

၁၁။ စိတ္တလဟုတာ။ ။ စိတ်၏ လျှင်မြန်ပေါ့ပါးခြင်းသဘော။
(စိတ်၏ လေးလံထိုင်းမှိုင်းခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

ဥပမာ ။ ။ ဤလဟုတာစေတသိက် ၂-ပါးသည် အေးမြသောရေ၌ ပစ်ချအပ်သော ပဒုမ္မာကြာပန်းနှင့်တူ၏။
(ထိနမိဒ္ဓ၏ ဆန့်ကျင်ဘက်စေတသိက်။)

၁၂။ ကာယမုဒုတာ။ ။ စေတသိက်အပေါင်း၏ နူးညံ့ခြင်းသဘော။
(စေတသိက်အပေါင်း၏ ကြမ်းတမ်းခက်ထန်ခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

၁၃။ စိတ္တမုဒုတာ။ ။ စိတ်၏ နူးညံ့ခြင်းသဘော။
(စိတ်၏ ကြမ်းတမ်းခက်ထန်ခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

ဥပမာ ။ ။ ဤမုဒုတာစေတသိက် ၂-ပါးသည် ချစ်ခင်လှစွာသော ဆွေမျိုးတို့၏ အလယ်သို့ ရောက်သည့် စစ်သူကြီးနှင့်တူ၏။ (ဒိဋ္ဌိမာနပြဋ္ဌာန်းသောကိလေသာစု၏ ဆန့်ကျင်ဘက်စေတသိက်။)

၁၄။ ကာယကမ္မညတာ။ ။ စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ခံ့ငြားခြင်းသဘော။
(စေတသိက်အပေါင်း၏ ကုသိုလ်အမှု၌ မခံ့ငြားခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

၁၅။ စိတ္တကမ္မညတာ ။ ။ စိတ်၏ ကုသိုလ်ကောင်းမှု၌ ခံ့ငြားခြင်းသဘော။
(စိတ်၏ ကုသိုလ်အမှု၌ မခန့်ငြားခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

ဥပမာ ။ ။ ဤကမ္မညတာစေတသိက် ၂-ပါးသည် နယ်အပ်ပြီးသော သားရေနှင့်ဋ၊ စင်ကြယ်သော ရွှေစင်၊ ရွှေသားနှင့်ဋ တူ၏။ (ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက်တည်း။)

၁၆။ ကာယပါဂုညတာ။ ။ စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ပွင့်တီးလေ့လာနိုင်ခြင်းသဘော။
(ကုသိုလ်ကောင်းမှု၌ ပျော်ပိုက်နှစ်ခြိုက်ခြင်း၊ ပျော်ရွှင်ကျေနပ်ခြင်း။)

၁၇။ စိတ္တပါဂုညတာ။ ။ စိတ်၏ ကုသိုလ်ကောင်းမှု၌ ပွင့်တီးလေ့လာနိုင်ခြင်း(ကျန်းမာခြင်း)သဘော။
(ကုသိုလ်ကောင်းမှု၌ ပျော်ပိုက်နှစ်ခြိုက်ခြင်း၊ ပျော်ရွှင်ကျေနပ်ခြင်း။)

ဥပမာ ။ ။ ဤပါဂုညတာစေတသိက် ၂-ပါးသည် နက်လှစွာသော ရေ၌ပစ်ချ ထားအပ်သော မီးကျောင်းနှင့် တူ၏။ (အသဒ္ဓိယ၏ ဆန့်ကျင်ဘက်စေတသိက်တည်း။)

၁၈။ ကာယုဇုကတာ။ ။စေတသိက်အပေါင်း၏ ဖြောင့်မတ်ခြင်းသဘော။

၁၉။ စိတ္တုဇုကတာ။ ။ စိတ်၏ ဖြောင့်မတ်ခြင်းသဘော။

ဥပမာ ။ ။ ဤဥဇုကတာ ၂-ပါးသည် အရက်မူးပြေသောအခါ လမ်းသွားသူနှင့် တူ၏။ (မာယာ, သာဌေယျ၏ ဆန့်ကျင်ဘက်စေတသိက်ပင်တည်း။)

မာယာ = မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံးလွှမ်းခြင်း။ (အပြစ်ရှိပါလျက် အပြစ်မဲ့ဟန်ဆောင်ခြင်း။)

သာဌေယျ = မိမိ၌ မရှိသော ကျေးဇူးဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း။(ဂုဏ်မရှိပါပဲလျက် ဂုဏ်ရှိဟန်ဆောင်ခြင်း။)

http://www.dhammadownload.com



## (ခ) ဝိရတီစေတသိက် ၃-ပါး

ဝိရတီ ။ ။ မကောင်းမှုဒုစရိုက် ဒုရာဇီဝတို့ကို ပြုခွင့်ကြုံပါလျက် မပြုကျင့်ပဲရှောင်ကြဉ်ခြင်း။

၁။ သမ္မာဝါစာ။ ။ အာဇီဝဟေတုကို မငဲ့မူ၍ (အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော) ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်းသဘော။

ဥပမာ ။ ။ ရဲရဲတောက်နေသော သံတွေခဲကို မကိုင်ဝံ့သူနှင့်တူ၏။

၂။ သမ္မာကမ္မန္တ။ ။ အာဇီဝဟေတုကို မငဲ့မူ၍ (အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော) ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းသဘော။

ဥပမာ ။ ။ မစင်ကပ်နေသော သံတွေခဲကို မကိုင်ဝံ့သူနှင့်တူ၏။

၃။ သမ္မာအာဇီဝ ။ ။ အာဇီဝဟေတုကို ငဲ့သည်ဖြစ်၍(အသက်မွေးဝမ်းကြောင်းနှင့်စပ်ဆိုင်သော)ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းသဘော။

ဥပမာ ။ ။ အဆိပ်သီးကို မစားဝံ့သူနှင့်တူ၏။

### ဒုစရိုက်နှင့် ဒုရာဇီဝ

✔ အသက်မွေးဝမ်းကြောင်းမဟုတ်သော ပါဏာတိပါတစသည်တို့သည် ဒုစရိုက်။
✔ အသက်မွေးဝမ်းကြောင်းဖြစ်သော ပါဏာတိပါတစသည်တို့သည် ဒုရာဇီဝ။

## (ဂ) အပ္ပမညာ စေတသိက် ၂-ပါး

အပ္ပမညာ။ ။ ဤ၍ဤမျှဟု အတိုင်းအရှည်ပမာဏမထားပဲ သတ္တဝါပညတ်၌ဖြစ်သော (အာရုံပြုသော) တရား။
(ပုဂ္ဂိုလ်သတ္တဝါဟူသည် ပရမတ္ထတရားမဟုတ်၊ ပညတ်တရားတည်း။ ထိုကြောင့် သတ္တဝါပညတ်ဟု ခေါ်သည်။)

ဆောင်။ ။ ဤ၍ဤမျှ၊ ပမာဏတိုင်း၊ ပိုင်းခြားကန့်သတ်၊ မထားအပ်သည့်၊ သတ္တဝါခေါ်၊ ပညတ်ပေါ်တွင်၊ အာရုံထင်၊ အပ္ပမညာဆို။

၁။ ကရုဏာ။ ။ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းသဘော။
(ဆင်းရဲဒုက္ခရောက်နေသူတို့ကို ကြား, မြင်သည့်အခါ ထိုဆင်းရဲ ဒုက္ခကို ဖယ်ရှားလိုခြင်း၊ ဒုက္ခတွင်းမှ ကယ်တင်လိုခြင်းသဘော။)

ဥပမာ ။ ။ အနာရောဂါကပ်ရောက်နေသော သားကို မြင်ရသော မိဘနှင့်တူ၏။

၂။ မုဒိတာ ။ ။ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။

ဥပမာ ။ ။ အရွယ်အဆင်းနှင့်ပြည့်စုံသော သား, သမီးကို မြင်ရသော မိဘနှင့်တူ၏။

## (ဃ) ပညိန္ဒြေစေတသိက် ၁-ပါး

၁။ ပညိန္ဒြေ ။ ။ အာရုံ၏ သဘောမှန်ကို ထိုးထွင်း၍ သိခြင်း၌ အစိုးရခြင်း သဘော။
အထူးထူးအပြားပြားသိခြင်း၌ အစိုးရခြင်းသဘော။ထိမှုကိစ္စဟူသမျှ၌ အစိုးရခြင်းသဘော။

http://www.dhammadownload.com



(မောဟ၏ ဆန့်ကျင်ဘက် = အမောဟပင်တည်း။)
ဥပမာ ။ ။ အမိုက်မှောင်ကို ပယ်ခွါနိုင်သည့် ဆီးမီးတန်ဆောင်နှင့်တူ၏။

### ပညာ၏ အမည်ထူးများ

ဤပညိန္ဒြေစေတသိက်ကိုပင် စွမ်းဆောင်နိုင်သည့် သဘောသတ္တိကိုလိုက်၍ ဉာဏ်, အမောဟ, ဝိဇ္ဇာ, သမ္မာဒိဋ္ဌိ, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယ၊ ဝီမံသအမည်တို့ ဖြင့်လည်း ခေါ်ဝေါ်ကြသည်။

### သညာသိ, ဝိညာဏ်သိ, ပညာသိ ၃–ပါးအထူး

၁။ သညာသိပုံမှာ ရွှေကို ကလေးသူငယ် သိသကဲ့သို့တည်း။
၂။ ဝိညာဏ်သိပုံမှာ ရွှေကို လူကြီးများသိသကဲ့သို့တည်း။
၃။ ပညာသိပုံမှာ ရွှေကို ပန်းထိမ်သည်တို့ သိသကဲ့သို့တည်း။

### စေတသိက်ပိုင်းပြီး၏။

---

## ၃။ ပကိဏ်းပိုင်း

### ဟေတုသင်္ဂဟ

ဟေတုသင်္ဂဟ ။ ။ ဟိတ်အပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟ။
ဟိတ် ၆-ပါး ။ ။ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်။

✔ ရေသောက်မြစ်ပမာဆိုင်ရာအကျိုးများကို ဖြစ်စေတတ်သောကြောင့် (ဝါ)ဆိုင်ရာအကျိုးတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် "ဟေတု=ဟိတ်"မည်၏။
✔ သစ်ပင်၏ အမြစ်သည် သစ်ပင်ကို မြေပေါ်၌ ခိုင်မြဲစွာတည်နေစေသကဲ့သို့ ဟိတ် ၆-ပါးတို့သည် ယှဉ်ဘက်ဖြစ်သော စိတ်, စေတသိက်တို့ကို အာရုံပေါ်၌ တည်မြဲစေကြကုန်၏။ ခိုင်မြဲစေကြကုန်၏။

ဆိုရိုးကျက်မှတ်ရန် ။ ။
၁။ (ပဉ္စဒွါရာဝဇ္ဇန်း, ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်းဒွေ၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော၊ ဟသိတုပ္ပါဒ်အားဖြင့်) ၁၈-ပါးသောစိတ်တို့သည် ယှဉ်ဖော်ယှဉ်ဘက်သမ္ပယုတ်ဟိတ် မရှိသောကြောင့်"အဟိတ်စိတ်" မည်ကုန်၏။
၂။ အဟိတ်စိတ်မှ တပါး ကျန် ၇၁-ပါးသောစိတ်တို့သည် ယှဉ်ဘက်သမ္ပယုတ် ဟိတ်ရှိသောကြောင့် "သဟိတ်စိတ်"မည်ကုန်၏။

http://www.dhammadownload.com



၃။ မောဟမူဒွေသည် မောဟဟိတ် ၁-ပါးသာရှိသောကြောင့် "ဧကဟိတ်စိတ်"မည်၏။

၄။ လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ ဉာဏဝိပ္ပယုတ်(ကာမာဝစရ သောဘန)စိတ် ၁၂-ပါး-အားဖြင့် ၂၂-ပါးသော စိတ်တို့သည် ယှဉ်ဘက်သမ္ပယုတ် ဟိတ် ၂-ပါးစီရှိသောကြောင့်"ဒွိဟိတ်စိတ်"မည်ကုန်၏။

ထို ၂၂-ပါးတို့တွင် -

(က) လောဘမူစိတ် ၈-ပါးသည် လောဘ, မောဟ ဟိတ် ၂-ပါးရှိသော ကြောင့်"ဒွိဟိတ်စိတ်"မည်၏။

(ခ) ဒေါသမူစိတ် ၂-ပါးသည် ဒေါသ, မောဟ ဟိတ် ၂-ပါးရှိသော ကြောင့်"ဒွိဟိတ်စိတ်"မည်၏။

(ဂ) ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါးသည် အလောဘ, အဒေါသဟိတ် ၂-ပါးရှိသောကြောင့်"ဒွိဟိတ်စိတ်"မည်၏။

၅။ ကာမာဝစရသောဘနဉာဏသမ္ပယုတ်စိတ် ၁၂-ခု၊ မဟဂ္ဂုတ်, လောကုတ္တရာ ၃၅-ခုအားဖြင့် ၄၇-ပါးသောစိတ်တို့သည် အလောဘ, အဒေါသအမောဟ-ဟူသော ယှဉ်ဘက်ဟိတ် ၃-ပါးရှိသောကြောင့်"တိဟိတ်စိတ်" မည်ကုန်၏။

## ဟိတ်ဖြင့် စိတ်ကို ဝေဘန်မှု ဇယား

| စဉ် | စိတ် ၈၉/၁၂၁ | ယှဉ်ဘက်ဟိတ် | ဟိတ်အမည် |
|---|---|---|---|
| ၁။ | အဟိတ် ၁၈ | မရှိ | အဟိတ်စိတ် |
| ၂။ | မောဟမူ ၂ | မောဟ | ဧကဟိတ်စိတ် |
| ၃။ | လောဘမူ ၈ | လောဘ, မောဟ | ॥ |
| | ဒေါသမူ ၂ | ဒေါသ, မောဟ | ॥ |
| | ဉာဏဝိပ္ပယုတ် ၁၂ | အလောဘ,အဒေါသ | ॥ |
| ၄။ | ဉာဏသမ္ပယုတ်စိတ် ၁၂ | အလော, အဒေါ, အမော | တိဟိတ်စိတ် |
| | မဟဂ္ဂုတ်စိတ် ၂၇ | ॥ | ॥ |
| | လောကုတ္တရာစိတ် ၈ | ॥ | ॥ |

အကုသိုလ်ဟိတ် ၃-ပါး လောဘ, ဒေါသ, မောဟ
ကုသိုလ်ဟိတ် ၃-ပါး အလောဘ, အဒေါသ, အမောဟ
အဗျာကတဟိတ် ၃-ပါး အလောဘ, အဒေါသ, အမောဟ

၁။ အကုသိုလ်စိတ်၌ ယှဉ်သောဟိတ်ကို "အကုသိုလ်ဟိတ်"ဟုခေါ်သည်။
၂။ ကုသိုလ်စိတ်၌ ယှဉ်သောဟိတ်ကို "ကုသိုလ်ဟိတ်"ဟုခေါ်သည်။
၃။ အဗျာကတ(ဝိပါက်, ကြိယာ)စိတ်နှင့် ယှဉ်သောဟိတ်ကို "အဗျာကတဟိတ်"ဟုခေါ်သည်။

http://www.dhammadownload.com



## ၃။ ကိစ္စသင်္ဂဟ

ကိစ္စသင်္ဂဟ ॥ ॥ ကိစ္စအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သောသင်္ဂဟ။
(စိတ်တို့၏ ဆောင်ရွက်ကြသော အမှုလုပ်ငန်းကိစ္စတို့ကို အခြေခံ၍ စိတ်, စေတသိက်တို့ကို ရေတွက်ပြခြင်းကို "ကိစ္စသင်္ဂဟ"ဟု ခေါ်သည်။

### စိတ်တို့ ဆောင်ရွက်ကြသော လုပ်ငန်းကိစ္စ ၁၄–ပါး

၁။ ပဋိသန္ဓေကိစ္စ ॥ ॥ ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းကိစ္စ။

၂။ ဘဝင်ကိစ္စ ॥ ॥ ကံအရှိန်ရှိသမျှ တစ်ဘဝလုံး နာမ်ခန္ဓာအစဉ်မပြတ်ရအောင် ရရှိထားသောဘဝကို စောင့်ရှောက်ပေးခြင်းကိစ္စ။ (စီစဉ်ပေးခြင်းကိစ္စ)ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ စိတ်အစဉ်ပြတ်လျှင် တစ်ဘဝအဆုံး သတ်ရဖွယ်ရှိရကား ဘဝင်စိတ်ဆက်လက်ဖြစ်ရ၏။ ပဝတ္တိအခါ၌လည်း ဆိုင်ရာအာရုံသစ်များအတွက် ဝီထိစိတ်များ ဖြစ်ပြီးချုပ်ပျောက်သောအခါ ဘဝင်စိတ် မပေါ်လာပါက ဘဝနိဂုံး အဆုံးသတ်ရဖွယ်ရှိ၏။ ကံအရှိန်ရှိသမျှ တစ်ဘဝလုံး နာမ်ခန္ဓာအစဉ်မပြတ်ရအောင် ဘဝင်စိတ်က ဆက်စပ်ပေးရ၏။

၃။ အာဝဇ္ဇန်းကိစ္စ ॥ ॥ ဒွါရ၌ ထင်လာသောအာရုံ(အသစ်)ကို ဆင်ခြင်ခြင်းကိစ္စ။

၄။ ဒဿနကိစ္စ ॥ ॥ အဆင်းကို မြင်ခြင်းကိစ္စ။

၅။ သဝနကိစ္စ ॥ ॥ အသံကို ကြားခြင်းကိစ္စ။

၆။ ဃာယနကိစ္စ ॥ ॥ အနံ့ကို နံခြင်းကိစ္စ။

၇။ သာယနကိစ္စ ॥ ॥ ရသာရုံလျက်မှု, စားမှု, သာယာမှုကိစ္စ။

၈။ ဖုသနကိစ္စ ॥ ॥ အတွေ့အထိကို တွေ့ထိခြင်းကိစ္စ။

၉။ သမ္ပဋိစ္ဆိုန်းကိစ္စ ॥ ॥ ပဉ္စဒွါရ၌ ထင်လာသောအာရုံကို လက်ခံခြင်းကိစ္စ။ (အာဝဇ္ဇန်းစိတ်က ဆင်ခြင်၍ ပဉ္စဝိညာဏ်က ယူပြီးသော အာရုံကို လက်ခံခြင်းအလုပ်သည် သမ္ပဋိစ္ဆိုန်းစိတ်၏ ကိစ္စဖြစ်သည်။)

၁၀။ သန္တီရဏကိစ္စ ॥ ॥ ပဉ္စဒွါရ၌ ထင်လာသောအာရုံကို စုံစမ်းခြင်းကိစ္စ။ (သမ္ပဋိစ္ဆိုန်းစိတ်က လက်ခံထားသော အာရုံကို ကောင်း/မကောင်းစုံစမ်းခြင်းကိစ္စကို သန္တီရဏစိတ်က ဆောင်ရွက်သည်။)

၁၁။ ဝုဋ္ဌောကိစ္စ ॥ ॥ ပဉ္စဒွါရ၌ ထင်လာသော အာရုံကို သာယာဖွယ်/ မသာယာဖွယ်ဟု-ပိုင်းခြားမှတ်သား ဆုံးဖြတ်ခြင်းကိစ္စ။

၁၂။ ဇောကိစ္စ ॥ ॥ အာရုံ၏ အရသာကို အရှိန်အဟုန်ဖြင့် ခံစားခြင်းကိစ္စ။

၁၃။ တဒါရုံကိစ္စ ॥ ॥ (ဇော၏နောက်သို့ အစဉ်လိုက်ပြီး)ဇောခံစားပြီးသော အာရုံကို ထပ်မံ၍ ဆက်လက်ခံယူခြင်းကိစ္စ။

၁၄။ စုတိကိစ္စ ॥ ॥ လက်ရှိဖြစ်ဆဲဘဝမှ ရွေ့လျောခြင်း, သေဆုံးခြင်းကိစ္စ။

ဆောင်။ ॥ ဆက်စပ်, စီစဉ်၊ ဆင်ခြင်, မြင်ရှု၊ ကြားနာမှုနှင့်၊ နံမှု, လျက်မှု၊ တွေ့ထိမှုမှန်၊ လက်ခံ, စစ်ဆေး၊ ပိုင်းခြားရေးတည့်၊ သိရေးတွင်ကျယ်၊ တာတွယ် လိုက်စား၊ ရွေ့ရှားပြောင်းစွာ၊ ဆယ့်လေးဖြာ၊ ပြုရာကိစ္စတည်း။

ဤကိစ္စ ၁၄-ပါးအစဉ်ကား ဘဝတစ်ခု၌ ပုဂ္ဂိုလ်, သတ္တဝါတို့၏ စိတ်ဆောင်ရွက်သော လုပ်ငန်းအစဉ်အတိုင်းပေတည်း။ စိတ်, စေတသိက်တို့သည် ဤကိစ္စ ၁၄-ပါးထက် ပိုလွန်၍လည်း မဖြစ်။ ယုတ်လျော့၍လည်း မဖြစ်။ ဤကိစ္စ ၁၄-ပါးတို့သာ ဖြစ်ကြသည်။

ဘဝတစ်ခု၌ ပဋိသန္ဓေနှင့်စ၍ စုတိဖြင့် အဆုံးသတ်ရသည်။ စုတိမရောက် မချင်း ဘဝင်-ဝီထိတို့အကြောင်းအားလျော်စွာ တစ်လှည့်စီဖြစ်နေသည်။ "ဘဝ အစ ပဋိသန္ဓေ, ဘဝင်နှင့် အဆုံးသတ်စုတိ"ဤ ၃-ကိစ္စသည် ဝီထိမှ အလွတ်ဖြစ် သည်။ ဝီထိစိတ်များ၏ ကိစ္စများမှာ အာဝဇ္ဇန်းကိစ္စမှ စ၍ တဒါရုံတိုင်အောင် ၁၁-ကိစ္စရှိသည်။

## စိတ်အစဉ်ဖြစ်ပုံ (ဝီထိစဉ်)

ဝီထိ

[ပဋိ, ဘွင်ဘွင်ဘွင်ဘွင်ဘွင် ဇ္ဇန် (ဒ,သ,ဃာ,သာ,ဖု)သံ, တီ, ဝုဋ္ဌော,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ရုံရုံ ဘွင်ဘွင်ဘွင် စုတိ။]

## ကိစ္စဆောင်ရွက်ရာ ဌာန ၁၀-ပါးနှင့် ထိုဌာနများ၌ ဆိုင်ရာကိစ္စတပ်သော (ဆိုင်ရာကိစ္စကိုဆောင်ရွက်သော ) စိတ်သရုပ်များ

| စဉ် | ဌာန ၁၀-ပါး | ဆိုင်ရာကိစ္စတပ်သော (ကိစ္စကိုဆောင်ရွက်သော) စိတ်များ | ပေါင်း |
|---|---|---|---|
| ၁။ | ပဋိသန္ဓေဌာန (ပဋိသန္ဓေစိတ်ဖြစ်ပေါ်ရာစုတိနှင့်ဘွင်ကြားကာလ | ပဋိသန္ဓေကိစ္စကိုဆောင်ရွက်သည့်စိတ် =<br>(က) ဥပေက္ခာသန္တီရဏ ၂<br>(ခ) မဟာဝိပါက်စိတ် ၈<br>(ဂ) မဟဂ္ဂုတ်ဝိပါက်စိတ် ၉ | ၁၉ |
| ၂။ | ဘဝင်ဌာန (ပဋိသန္ဓေနှင့် အာဝဇ္ဇန်းကြား) | ဘဝင်ကိစ္စကိုဆောင်ရွက်သည့်စိတ် =<br>။ | ၁၉ |
| ၃။ | အာဝဇ္ဇန်းဌာန | အာဝဇ္ဇန်းကိစ္စကိုဆောင်ရွက်သည့်စိတ် =<br>(က) ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁<br>(ခ) မနောဒွါရာဝဇ္ဇန်းစိတ် ၁ | ၂ |
| ၄။ | ပဉ္စဝိညာဏ်ဌာန | ပဉ္စဝိညာဏ်ကိစ္စကိုဆောင်ရွက်သည့်စိတ် = ဒွိပဉ္စဝိညာဏ် ၁၀<br>(က) စက္ခုဝိညာဏ်သည် ဒဿနကိစ္စတပ်၏။ (ပ)<br>(င) ကာယဝိညာဏ်သည် ဖုသနကိစ္စတပ်၏။ | ၁၀ |
| ၅။ | သမ္ပဋိစ္ဆိုန်းဌာန | သမ္ပဋိစ္ဆိုန်းကိစ္စကိုဆောင်ရွက်သည့်စိတ် = သမ္ပဋိစ္ဆိုန်းစိတ် ၂ | ၂ |
| ၆။ | သန္တီရဏဌာန | သန္တီရဏကိစ္စကို ဆောင်ရွက်သည့်စိတ် = သန္တီရဏစိတ် ၃ | ၃ |
| ၇။ | ဝုဋ္ဌောဌာန | ဝုဋ္ဌောကိစ္စကို ဆောင်ရွက်သည့်စိတ် = မနောဒွါရာဝဇ္ဇန်း ၁ | ၁ |
| ၈။ | ဇောဌာန | ဇောကိစ္စကို ဆောင်ရွက်သည့်စိတ် =(က) အကုသိုလ် ၁၂<br>(ခ) ကုသိုလ် ၂၁<br>(ဂ) အာဝဇ္ဇန်းဒွေကြဉ် ကြိယာ ၁၈-<br>(ဃ) ဖိုလ်စိတ် ၄-ပါး<br>(ကာမဇော ၂၉ + အပ္ပနာဇော ၂၆) | ၅၅ |
| ၉။ | တဒါရုံဌာန | တဒါရုံကိစ္စကိုဆောင်ရွက်သည့်စိတ် (က) သန္တီရဏ ၃<br>(ခ) မဟာဝိပါက် ၈ | ၁၁ |
| ၁၀။ | စုတိဌာန | စုတိကိစ္စကို ဆောင်ရွက်သည့်စိတ်<br>(က) ဥပေက္ခာသန္တီရဏ ၂<br>(ခ) မဟာဝိပါက် ၈<br>(ဂ) မဟဂ္ဂုတ်ဝိပါက် ၉ | ၁၉ |

http://www.dhammadownload.com



ဆိုရိုးကျက်မှတ်ရန် ။ ။

၁။ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သောစိတ်ကား ဥပေက္ခာ သန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး, မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး။ ပေါင်း ၁၉-ပါးဖြစ်ပါသည်-စသည်ဖြင့် ဇယားကြည့်၍ဆိုလေ။

(ဒသကနစသော ကိစ္စငါးပါးကို ပဉ္စဝိညာဏဌာန ၁-ခုတည်းသာ ယူထားသဖြင့် ဌာန ၁၀-ပါးသာရှိသည်။)

## "ကာမဇော ၂၉ နှင့် အပ္ပနာဇော ၂၆"

ဇောစိတ် ၅၅-ပါးတွင် -

(က) အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာ ၈၊ ဟသိတုပ္ပါဒ် ၁၊ ပေါင်း ၂၉ပါး (ကာမစိတ်များဖြစ်၍) ကာမဇော ၂၉-ပါးဟု ခေါ်သည်။

(ခ) မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ လောကုတ္တရာ ၈-ပါး၊ ပေါင်း ၂၆-ပါးကို (အပ္ပနာစိတ်များဖြစ်၍) အပ္ပနာဇော ၂၆-ပါးဟု ခေါ်သည်။

## ၄။ ဒွါရသင်္ဂဟ

ဒွါရသင်္ဂဟ။ ။ ဒွါရအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟ။
ဒွါရ။ ။ ပကတိတံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်းဖြစ်သကဲ့သို့ စက္ခုပသာဒစသော တံခါးပေါက်များလည်း စက္ခုဒွါရိကဝီထိစိတ်စသည်တို့၏ ဖြစ်ပေါ်လာကြောင်းဖြစ်သောကြောင့် "ဒွါရ"အမည်ရသည်။

## ဒွါရ ၆-ပါးနှင့် တရားကိုယ်

| | | |
|---|---|---|
| ရုပ်ဒွါရ ၅-ပါး | စက္ခုဒွါရ=စက္ခုပသာဒရုပ်<br>သောတဒွါရ=သောတပသာဒရုပ်<br>ဃာနဒွါရ=ဃာနပသာဒရုပ်<br>ဇိဝှါဒွါရ=ဇိဝှါပသာဒရုပ်<br>ကာယဒွါရ=ကာယပသာဒရုပ် | အဆင်းအာရုံဝင်ရောက်ရာမျက်စိတံခါး<br>အသံအာရုံဝင်ရောက်ရာနားတံခါး<br>အနံ့အာရုံဝင်ရောက်ရာနှာတံခါး<br>အရသာအာရုံဝင်ရောက်ရာလျှာတံခါး<br>အတွေ့အထိအာရုံဝင်ရောက်ရာကိုယ်တံခါး |
| နာမ်ဒွါရ ၁ | မနောဒွါရ = ဘဝင်စိတ် ၁၉ | စိတ်ကူးအာရုံစသည် အာရုံ ၆-ပါးဝင်ရောက်ရာ စိတ်တံခါး။ |

ဆောင်။ ။ စက်, သော, ဃာ, ဇိ, ကာ, မနီ၊ ၆-လီ ဒွါရမှတ်။

ဆိုရိုး ။ ။ ✔ စက္ခုဒွါရဟူသည် စက္ခုပသာဒရုပ်တည်း။ (ပ)
✔ မနောဒွါရဟူသည် ဘဝင်္ဂပစ္ဆေဒ ၁၉-ခုတည်း။
✔ စက္ခုဒွါရစသော ဒွါရ ၅-ပါးသည် ရုပ်ဒွါရ။
✔ မနောဒွါရသည် နာမ်ဒွါရ။

http://www.dhammadownload.com



## ဆိုရိုး

၁။ စက္ခုဒွါရ၌ ဖြစ်နိုင်သော စိတ် ၄၆-ပါး -

| | |
|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| စက္ခုဝိညာဏ် | ၂ |
| သမ္ပဋိစ္ဆိုန်း | ၂ |
| သန္တီရဏ | ၃ |
| ဝုဋ္ဌော | ၁ |
| ကာမဇော | ၂၉ |
| တဒါရုံ(မဟာဝိပါက်) | ၈ |
| ပေါင်း | ၄၆-ပါး |

[သောတဒွါရ၌ ဖြစ်သောစိတ် ၄၆–ပါး (ပ) ကာယဒွါရ၌ဖြစ်သောစိတ် ၄၆–ပါး–တို့ကိုလည်း နည်းတူဆိုလေ။]

<u>"ပဉ္စ, စက်, သံ, န္တီ, ဝုဋ္ဌော, ဇဇဇဇဇဇဇ, ရုံရုံ"</u>

၂။ မနောဒွါရ၌ဖြစ်နိုင်သော စိတ် ၆၇-ပါး -

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁-ပါး |
| ဇော | ၅၅-ပါး |
| တဒါရုံ | ၁၁-ပါး |
| ပေါင်း | ၆၇-ပါး |

၃။ ဒွါရဝိမုတ် (၆-ဒွါရမှ လွတ်နိုင်သမျှ)စိတ်ပေါင်း ၁၉-ပါး
ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်ခိုက်ဖြစ်သော

| | |
|---|---|
| ဥပေက္ခာသဟဂုတ်သန္တီရဏ | ၂-ပါး |
| မဟာဝိပါက်စိတ် | ၈-ပါး |
| မဟဂ္ဂုတ်ဝိပါက် | ၉-ပါး |
| ပေါင်း | ၁၉-ပါး |

ဤ ၁၉-ပါးသောစိတ်တို့သည် (အတိတ်ကံအဟုန်သက်သက်ကြောင့်သာ ဖြစ်၍) ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်ခိုက် မည်သည့်ဒွါရ၌မျှ မဖြစ်နိုင်သောကြောင့် (ဒွါရ ၆-ပါးလုံးမှလွတ်သောကြောင့်) <u>"ဒွါရဝိမုတ်စိတ်"</u>များ ဖြစ်ကြကုန်၏။

ဆောင် ။ ။ ဆယ်ကိုး ပဋိသန်၊ စိတ်အမှန်၊ ၆–တန်ဒွါရလွတ်။

http://www.dhammadownload.com



## ၅။ အာရမ္မဏသင်္ဂဟ

အာရမ္မဏသင်္ဂဟ ။ ။အာရုံအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သောသင်္ဂဟ။

အာရမ္မဏ။ ။ဥယျာဉ်, ပန်းမာလ်တို့သည် လူတို့မွေ့လျော်ရာဖြစ်သကဲ့သို့ ရူပါရုံ-စသည်တို့သည်လည်း စိတ်, စေတသိက်တို့၏ မွေ့လျော်ရာဖြစ် သောကြောင့် "အာရမ္မဏ=အာရုံ"မည်၏။ (အာရမ္မဏ = မွေ့လျော်ရာ။)

အာလမ္ဗန။ ။ တောင်ဝှေး, ကြိုးတန်းတို့သည် မသန်မစွမ်းသူတို့အား ဆွဲကိုင်မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ရူပါရုံစသည်တို့သည်လည်း စိတ်, စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသောကြောင့် "အာလမ္ဗန=အာရုံ"မည်၏။ (အာလမ္ဗန = ဆွဲကိုင်မှီတွယ်ရာ။)

ဆောင်။ ။ * ဥယျာဉ်ကြီးနှယ်၊ သီးပွင့်ကြွယ်၍၊ ပျော်ဖွယ်သတ္တိ, ကောင်းစွာရှိဖို့၊ မိမိအထံ၊ နာမက္ခန်တို့၊
ဖန်ဖန်စုပုံ၊ ပျော်ရန်ဂုဏ်၊ အာရုံသတ္တိခေါ်။
* ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ်ခေါ်အာရုံ။

### အာရုံ ၆-ပါးနှင့် တရားကိုယ်အရကောက်

| အာရုံ ၆ | အဓိပ္ပါယ် | တရားကိုယ် |
|---|---|---|
| ရူပါရုံ | စက္ခုဝိညာဏ်ဖြင့်မြင်ရသောအဆင်းအမျိုးမျိုး | (ဝဏ္ဏ)ရူပရုပ် |
| သဒ္ဒါရုံ | သောတဝိညာဏ်ဖြင့်ကြားရသောအသံအမျိုးမျိုး | သဒ္ဒရုပ် |
| ဂန္ဓာရုံ | ဃာနဝိညာဏ်ဖြင့်နမ်းရှုရသောအနံ့အမျိုးစုံ | ဂန္ဓရုပ် |
| ရသာရုံ | ဇိဝှါဝိညာဏ်ဖြင့်လျက်ရသောအရသာမျိုးစုံ | ရသရုပ် |
| ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏ်ဖြင့်တွေ့ထိရသော အကြမ်း အနုစသော အတွေ့မျိုးစုံ | ပထဝီ,တေဇော, ဝါယော=ဖောဋ္ဌဗ္ဗရုပ် |
| ဓမ္မာရုံ | မနောဝိညာဏ်ဖြင့်သာသိရသော သိဖွယ်မျိုးစုံ | ပသာဒ၅၊ သုခုမ၁၆၊ စိတ်၈၉၊စေ၅၂၊နိဗ္ဗာန် ပညတ်ဟူသောတရားစု ၆ |

ဆောင်။ ။ ရူပ, သဒ္ဒ၊ ဂန်, ရသ၊ ဖောဋ္ဌ ခမ်-ရုံခြောက်။
ပသာ, သုခု၊ စိတ်, စေစုနှင့်၊ မှတ်ရှုနိဗ္ဗာန်၊ ပညတ္တိ၊
ခြောက်တန် ဓမ္မာရုံ။

http://www.dhammadownload.com



## ဆဒွါရိကစိတ်တို့နှင့် ဒွါရဝိမုတ်စိတ်တို့၏ အာရုံပြပုံဇယား

| စဉ် | အာရမ္မဏိကစိတ်များ | အာရုံများ | တရားကိုယ် |
|---|---|---|---|
| ၁။ | စက္ခုဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်ရူပါရုံ | ဝဏ္ဏ=အဆင်းရုပ်ဟူသမျှ |
| ၂။ | သောတဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်သဒ္ဒါရုံ | သဒ္ဒ=အသံရုပ်ဟူသမျှ |
| ၃။ | ဃာနဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်ဂန္ဓာရုံ | ဂန္ဓ=အနံ့ရုပ်ဟူသမျှ |
| ၄။ | ဇိဝှါဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်ရသာရုံ | ရသ=အရသာရုပ်ဟူသမျှ |
| ၅။ | ကာယဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ<br>ဝါယောရုပ်များ | ဖောဋ္ဌဗ္ဗ=ပထဝီ,တေဇော, |
| ၆။ | မနောဒွါရိကစိတ် ၆၇-ပါး | ပစ္စုပ္ပန်,အတိတ်,<br>အနာဂတ်ကာလ<br>ဝိမုတ် အာရုံ ၆<br>(ယထာရဟ) | ဂေါစရရုပ် ၇-ပါး<br>(တေကာလိကပဉ္စာရုံ)<br>ပသာဒရုပ်၅<br>သုခုမရုပ်၁၆<br>စိတ်၈၉<br>စေ ၅၂<br>နိဗ္ဗာန် ၁<br>ပညတ် ၁ ကာလဝိမုတ်ဓမ္မာရုံ |
| ၇။ | (ပဋိသန္ဓေ,ဘဝင်,စုတိ-ဟုဆိုအပ်<br>သော)ဒွါရဝိမုတ်စိတ် ၁၉-ပါး | (များသောအားဖြင့် အခြားမဲ့ဘဝဟောင်း၌ ဆဒွါရိကမရဏာသန္နဇောသည်ယူပေးအပ်သော)<br>ပစ္စုပ္ပန်,အတိတ်,ပညတ်ဖြစ်သော ကံ,ကမ္မနိမိတ်,<br>ဂတိနိမိတ်ဟုသမုတ်အပ်သော အာရုံ ၆-ပါး | |

ဤဇယားကိုကြည့်၍ ဆိုရိုးရအောင် ကျက်မှတ်ထားရမည်။

## ကျက်မှတ်ရန် ဆိုရိုး

၁။ စက္ခုဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြု၏။

၂။ သောတဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်သဒ္ဒါရုံကိုသာ အာရုံပြု၏။

၃။ ဃာနဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ဂန္ဓာရုံကိုသာ အာရုံပြု၏။

၄။ ဇိဝှါဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ရသာရုံကိုသာ အာရုံပြု၏။

၅။ ကာယဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြု၏။

၆။ မနောဒွါရ၌ဖြစ်သော ၆၇-ပါးသည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါးကို ထိုက်သင့်သလို အာရုံပြု၏။

(ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈နှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ် ဤအာရုံ ၆-ပါးတို့တွင် ၁-ပါးပါးကို ထိုက်သည့်အားလျော်စွာ အာရုံပြု၏-ဟူလို။)

http://www.dhammadownload.com



၇။ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော ဒွါရဝိမုတ်စိတ် ၁၉-ပါးသည် များသောအားဖြင့် အခြားမဲ့လွန်ခဲ့ပြီး ဘဝဟောင်း၌ ဆဒွါရိကမရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို ထိုက်သင့်သလို အာရုံပြုသည်။

## ၆။ ဝတ္ထုသင်္ဂဟ

<u>ဝတ္ထုသင်္ဂဟ</u> ။ ။ ဝတ္ထုအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သောသင်္ဂဟ။

<u>ဝတ္ထု</u> ။ ။ ကျောင်း၏ တည်ရာမြေကို "ဝိဟာရဝတ္ထု = ကျောင်းနေရာ"ဟု ခေါ်စမှတ်ပြုသကဲ့သို့ စိတ်, စေတသိက်တို့၏ မှီရာတည်ရာရုပ်ကို "ဝတ္ထု"ဟုခေါ်သည်။

ဆောင်။ ။ "စိတ်၏တည်ရာ၊ မြေပမာ၊ လွန်စွာ ကျေးဇူးထုတ်"။

မြေကြီးသည် သက်ရှိ, သက်မဲ့တို့၏ တည်ရာ, မှီရာဖြစ်သကဲ့သို့ စက္ခုပသာဒ စသော ရုပ် ၆-ပါးတို့သည်လည်း စိတ်, စေတသိက်တို့၏ တည်ရာ, မှီရာဖြစ်သော ကြောင့် ဝတ္ထု-မည်၏။

| ဝတ္ထု ၆-ပါးနှင့် | တရားကိုယ် |
|---|---|
| စက္ခုဝတ္ထု | စက္ခုပသာဒရုပ် |
| သောတဝတ္ထု | သောတပသာဒရုပ် |
| ဃာနဝတ္ထု | ဃာနပသာဒရုပ် |
| ဇိဝှါဝတ္ထု | ဇိဝှါပသာဒရုပ် |
| ကာယဝတ္ထု | ကာယပသာဒရုပ် |
| ဟဒယဝတ္ထု | ဟဒယရုပ် |

ဆိုရိုး ။ ။ စက္ခုပသာဒရုပ်သည် စက္ခုဝတ္ထုမည်၏-စသည်ဆိုပါ။

| | |
|---|---|
| ကာမ ၁၁-ဘုံ၌ | ဝတ္ထုရုပ် ၆-ပါးလုံးရသည်။ |
| အသညကြဉ် ရူပ ၁၅-ဘုံ | စက္ခု, သောတ, ဟဒယဝတ္ထု ၃-ပါးရသည်။ |
| အရူပ ၄-ဘုံ၌ | ဝတ္ထုရုပ်လုံးဝ မရ။ |

ဆောင်။ ။ ဝတ္ထု ၆-စုံ၊ ကာမဘုံ၊ အကုန်ရသည်သာ။
စက်,သော ၂-တန်၊ ဟဒယံ၊ သုံးတန်ရူပမှာ။
အရူပမူ၊ ဝတ္ထုဟူ၊ မြူမျှ မရှိပါ။

| စဉ် | ဝိညာဏဓာတ် ၇-ပါးနှင့် | တရားကိုယ် |
|---|---|---|
| ၁။ | စက္ခုဝိညာဏဓာတ် | စက္ခုဝိညာဏ်ဒွေ |
| ၂။ | သောတဝိညာဏဓာတ် | သောတဝိညာဏ်ဒွေ |
| ၃။ | ဃာနဝိညာဏဓာတ် | ဃာနဝိညာဏ်ဒွေ |
| ၄။ | ဇိဝှါဝိညာဏဓာတ် | ဇိဝှါဝိညာဏ်ဒွေ |
| ၅။ | ကာယဝိညာဏဓာတ် | ကာယဝိညာဏ်ဒွေ |
| ၆။ | မနောဓာတ် | ပဉ္စဒွါရာဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုန်းဒွေ |
| ၇။ | မနောဝိညာဏဓာတ် | ဒွိပဉ္စဝိညာဏ်၁၀နှင့် မနောဓာတ် ၃-ပါးမှ ကြွင်းသော စိတ် ၇၆-ပါး |

http://www.dhammadownload.com



ဆိုရိုး ။ ။ စက္ခုဝိညာဏ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏-စသည်ဆိုပါ။

## ဝတ္ထုရုပ် ၆-ပါးနှင့် ဝိညာဏဓာတ် ၇-ပါးတွဲစပ်ပုံ

| ဝတ္ထုရုပ် ၆-ပါး | ဝိညာဏဓာတ် ၇-ပါး |
|---|---|
| စက္ခုဝတ္ထု | စက္ခုဝိညာဏဓာတ် |
| သောတဝတ္ထု | သောတဝိညာဏဓာတ် |
| ဃာနဝတ္ထု | ဃာနဝိညာဏဓာတ် |
| ဇိဝှါဝတ္ထု | ဇိဝှါဝိညာဏဓာတ် |
| ကာယဝတ္ထု | ကာယဝိညာဏဓာတ် |
| ဟဒယဝတ္ထု | မနောဓာတ်, မနောဝိညာဏဓာတ် |

ဆိုရိုး ။ ။ ၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကို မှီ၏။
၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကို မှီ၏။
၃။ ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကို မှီ၏။
၄။ ဇိဝှါဝိညာဏဓာတ်သည် ဇိဝှါဝတ္ထုကို မှီ၏။
၅။ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကို မှီ၏။
၆။ မနောဓာတ် ၃-ပါးသည် ဟဒယဝတ္ထုကို မှီ၏။

✔ အရူပဝိပါက် ၄-ခုကြဉ်သော မနောဝိညာဏဓာတ် ၇၂-ပါးတို့သည်လည်း ဟဒယဝတ္ထုကို မှီကြ၏။

## ဝတ္ထုဖြင့် စိတ်ကို ဝေဘန်ခြင်း သင်္ဂဟဆိုရိုး

၁။ စက္ခုဝိညာဏ်ဒွေသည် စက္ခုဝတ္ထုကိုသာ အမြဲမှီ၏။
၂။ သောတဝိညာဏ်ဒွေသည် သောတဝတ္ထုကိုသာ အမြဲမှီ၏။
၃။ ဃာနဝိညာဏ်ဒွေသည် ဃာနဝတ္ထုကိုသာ အမြဲမှီ၏။
၄။ ဇိဝှါဝိညာဏ်ဒွေသည် ဇိဝှါဝတ္ထုကိုသာ အမြဲမှီ၏။
၅။ ကာယဝိညာဏ်ဒွေသည် ကာယဝတ္ထုကိုသာ အမြဲမှီ၏။
(ဤကား ပဥ္စဝတ္ထုအသီးသီး၌ အမြဲမှီသော စိတ် ၁၀-ပါးဖြစ်သည်။)
၆။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေ-ဟု ဆိုအပ်သော မနောဓာတ် ၃-ခုသည် ဟဒယဝတ္ထုကို အမြဲမှီ၏။
၇။ ဒေါသမူဒွေ, သန္တီရဏ ၃-ခု, ဟသိတုပ္ပါဒ် ၁၊ မဟာဝိပါက် ၈-ခု၊ ရူပစိတ် ၁၅-ခု၊ သောတာပတ္တိမဂ် ၁၊ ဤ ၃၀-သော မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို အမြဲမှီ၏။
(ဤကား ဟဒယဝတ္ထုကို အမြဲမှီသောစိတ်ပေါင်း ၃၃-ပါးဖြစ်သည်။)
၈။ လောဘမူ ၈၊ မောဟမူ ၂၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ (သောတာပတ္တိမဂ်ကြဉ်သော)လောကုတ္တရာ ၇၊ ဤ ၄၂-ပါးသော မနောဝိညာဏဓာတ်တို့သည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီ၍ဖြစ်ကုန်၏။ အရူပ(စတုဝေါကာရ)ဘုံ၌ဖြစ်သောအခါ မမှီဘဲ ဖြစ်ကုန်၏။
၉။ အရူပဝိပါက် ၄-ခုသည် အရူပဘုံ၌သာဖြစ်သောကြောင့် မှီရာဝတ္ထုရုပ်လုံးဝမရှိ။

http://www.dhammadownload.com



ပဥ္စဝေါကာရ ॥ ॥ ခန္ဓာ ၅-ပါးရှိသော သတ္တဝါတို့နေထိုင်ရာဘုံ (ကာမ ၁၁-ဘုံ၊ ရူပ ၁၅-ဘုံ ပေါင်း ၂၆-ဘုံ)

စတုဝေါကာရ ॥ ॥ နာမ်ခန္ဓာ ၄-ပါးရှိသော အရူပဗြဟ္မာများနေထိုင်ရာ အရူပ ၄-ဘုံ။

ဧကဝေါကာရ ॥ ॥ ရုပ်ခန္ဓာ ၁-မျိုးသာရှိသော အသညသတ်ဘုံ။

| ဝိညာဏဓာတ် ၇ | | | ကာမဘုံ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | ရူပဘုံ | | | | | ၂၆ဘုံ | |
| | | | စက္ခုဝတ္ထု | သောတဝတ္ထု | ဃာနဝတ္ထု | ဇိဝှါဝတ္ထု | ကာယဝတ္ထု | ဟဒယဝတ္ထု | |
| | စက္ခုဝိညာဏဓာတ် | ၂ | ॥ | | | | | | မြဲမှီ |
| | သောတဝိညာဏဓာတ် | ၂ | | ॥ | | | | | |
| | ဃာနဝိညာဏဓာတ် | ၂ | | | ॥ | | | | |
| | ဇိဝှါဝိညာဏဓာတ် | ၂ | | | | ॥ | | | |
| | ကာယဝိညာဏဓာတ် | ၂ | | | | | ॥ | | |
| | ပဥ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုန်းဒွေ- မနောဓာတ် | ၃ | | | | | | ॥ | |
| မနောဝိညာဏဓာတ် | ဒေါသမူ၂၊သန္တီရဏ၃၊ ဟသိတုပ္ပါဒ်၁ မဟာဝိပါက်၈၊ရူပ၁၅၊သော-မဂ် | ၃၀ | | | | | | ॥ | |
| | လောဘမူ၈၊ မောဟမူ၂၊မနောဒွါရာ ဝဇ္ဇန်း၁၊မဟာကု၈၊မဟာကြိ၈၊ အရူပ ကု၄၊အရူကြိ၄၊သော-မဂ်ကြဉ် လောကု ၇ | ၄၂ | | | | | | ॥ | မမြဲမှီ |
| | အရူပဝိပါက် | ၄ | | | | | | | × |

ဆောင်။။ ✔ အမှီမရှိ၊ အရူ–ဝိ၊ ဖြစ်ဘိ အရူသာ။
✔ လေးဆယ့်သုံးမှာ၊ အမြဲသာ၊ ရံခါ လေးနှစ်၊ မမှီလစ်၊ လေးဆစ်အရူပါ။

၁။ ဝတ္ထုရုပ်၌ အမြဲမှီသော စိတ်ပေါင်း ၄၃-ပါး
၂။ ဝတ္ထုရုပ်၌ ရံခါမှီ-ရံခါမမှီသောစိတ်ပေါင်း ၄၂-ပါး
၃။ ဝတ္ထုရုပ်မှ အမြဲလွတ်သောစိတ်ပေါင်း ၄-ပါး
ပေါင်း ၈၉-ပါး

## ဓာတ် ၃–မျိုးအထူး

မနောဓာတ် = သာမန်သိရုံမျှ သိကာမတ္တဖြစ်သောဓာတ်။
ပဥ္စဝိညာဏဓာတ် = မနောဓာတ်ထက် ထူးကဲစွာ သိတတ်သောဓာတ်။
မနောဝိညာဏဓာတ် = မနောဓာတ်, ပဥ္စဝိညာဏဓာတ်တို့ထက် ပိုမိုထူးကဲစွာ သိတတ်သော ဓာတ်။

==========

**ပကိဏ်းပိုင်းပြီး၏။**

http://www.dhammadownload.com



# ရုပ်ပိုင်း

## ရုပ်၏ သဘောအဓိပ္ပါယ်

ပူခြင်းအေးခြင်း-စသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် ပြောင်းလဲ ဖောက်ပြန်တတ်သော သဘောကို"ရုပ်"ဟုခေါ်သည်။ ထိုရုပ်များမှာ (၂၈)ပါးရှိသည်။

### ရုပ် (၂၈)ပါး

### နိပ္ဖန္နရုပ် (၁၈)ပါး

၁။ <u>မဟာဘုတ် (၄)ပါး</u> ။ ။

မဟာဘုတ်လေးပါးမှာ -

၁။ ပထဝီ = ခက်မာခြင်း၊ နူးညံ့ခြင်းသဘော။

၂။ အာပေါ = ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းသဘော။

၃။ တေဇော = ပူခြင်း၊ အေးခြင်းသဘော။

၄။ ဝါယော = ထောက်ကန်ခြင်း၊ တွန်းတင် လှုပ်ရှားခြင်းသဘော တို့ဖြစ်ကြသည်။

၂။ <u>ပသာဒရုပ်ငါးပါး</u> ။ ။

ပသာဒရုပ်ငါးပါးမှာ -

၁။ စက္ခုပသာဒ = မျက်စိအကြည်ရုပ်

၂။ သောတပသာဒ = နားအကြည်ရုပ်

၃။ ဃာနပသာဒ = နှာခေါင်းအကြည်ရုပ်

၄။ ဇိဝှါပသာဒ = လျှာအကြည်ရုပ်

၅။ ကာယပသာဒ = ကိုယ်အကြည်ရုပ်-တို့ဖြစ်ကြသည်။

၃။ <u>ဂေါစရရုပ် ၇-ပါး</u> ။ ။

ဂေါစရရုပ် (၇)ပါးမှာ -

၁။ ရူပါရုံ = အဆင်းအရောင်အမျိုးမျိုး

၂။ သဒ္ဒါရုံ = အသံအမျိုးမျိုး

၃။ ဂန္ဓာရုံ = အနံ့အမျိုးမျိုး

၄။ ရသာရုံ = အရသာအမျိုးမျိုး

၅, ၆, ၇။ ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိအမျိုးမျိုး (ပထဝီ, တေဇော, ဝါယော ၃-ပါး)

http://www.dhammadownload.com



အမှာ ။ ။ ပထဝီ, တေဇော, ဝါယော ၃-ပါးသည် မဟာဘုတ် (၄)ပါးတွင် ပါဝင်ပြီးဖြစ်၍ နိပ္ဖန္နရုပ် ၁၈-ပါးကို ရေတွက်ရာ၌ ဂေါစရရုပ် (၇)ပါးဖြစ်နေသော် လည်း အရေအတွက် သင့်ရာ ပိုလွန်၍ မယူရခြင်းဖြစ်သည်။

၄။ ဘာဝရုပ် (၂)ပါး

ဘာဝရုပ် ၂-ပါးမှာ -

(၁) ဣတ္ထိဘာဝရုပ် = အမသဘာဝကို ဖြစ်စေသောရုပ်၊

(၂) ပုမ္ဘာဝရုပ် = အဖိုသဘာဝကို ဖြစ်စေသောရုပ်-တို့ဖြစ်ကြသည်။

၅။ ဟဒယရုပ် (၁)ပါး

(၁) ဟဒယဝတ္ထု = စိတ်၏ မှီရာ နှလုံးအကြည်ရုပ်။

၆။ ဇီဝိတရုပ် (၁)ပါး

(၁) ရုပ်ဇီဝိတိန္ဒြေ = ကံကြောင့်ဖြစ်သောရုပ်တို့ကို အသက်ရှင်အောင် စောင့်ရှောက်ခြင်းသဘော (ရုပ်သက်)။

၇။ အာဟာရရုပ် (၁)ပါး

(၁) ကဗဠီကာရအာဟာရ = စားသောက်ဖွယ်၌ပါသော အနှစ်အဆေးဩဇာရုပ်။

ဖော်ပြပါ ရုပ် (၁၈)ပါးတို့ကို ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့်ဖြစ်ရသောရုပ်များ ဖြစ်၍ "နိပ္ဖန္နရုပ်"ဟုခေါ်သည်။

## အနိပ္ဖန္နရုပ် (၁၀)ပါး

၁။ ပရိစ္ဆေဒရုပ် (၁)ပါး

(၁) ပရိစ္ဆေဒရုပ် = အာကာသဓာတ် = ရုပ်ကလာပ်တို့ကို ပိုင်းခြားပေးသောရုပ်။

၂။ ဝိညတ်ရုပ် (၂)ပါး

(၁) ကာယဝိညတ် = မိမိ၏ဆန္ဒကို သူတစ်ပါးတို့အား သိစေတတ်သော ကိုယ်အမူအရာ။

(၂) ဝစီဝိညတ် = မိမိ၏ဆန္ဒကို သူတစ်ပါးတို့အား သိစေတတ်သောနှုတ်အမူအရာ-တို့ဖြစ်ကြသည်။

၃။ ဝိကာရရုပ် (၅)ပါး

ဝိကာရရုပ် (၅)ပါးမှာ -

(၁) လဟုတာ = ရုပ်တို့၏ ပေါ့ပါးခြင်းသဘော။

(၂) မုဒုတာ = ရုပ်တို့၏ နူးညံ့ခြင်းသဘော။

(၃) ကမ္မညတာ = ရုပ်တို့၏ ကျန်းခံ့ခြင်းသဘော။

(၄, ၅) ဝိညတ်ရုပ် - တို့ဖြစ်ကြသည်။

အမှာ ။ ။ ဝိညတ်ရုပ် (၂)ပါးမှာ- ကာယဝိညတ်, ဝစီဝိညတ်အဖြစ်သီးခြားပါပြီးဖြစ်သည်။

၄။ လက္ခဏာရုပ် (၄)ပါး

လက္ခဏာရုပ် (၄)ပါးမှာ -

(၁) ဥပစယ = ရုပ်တို့၏ အစဖြစ်ခြင်းသဘော။

(၂) သန္တတိ = ရုပ်တို့၏ အစဉ် မပြတ်ခြင်းသဘော။

http://www.dhammadownload.com



(၃) ဇရတာ = ရုပ်တို့၏ ရင့်ရော်ခြင်းသဘော။
(၄) အနိစ္စတာ= ရုပ်တို့၏ ပျက်စီးခြင်းသဘော-တို့ဖြစ်ကြသည်။
ဖော်ပြပါရုပ် ၁၀-ပါးကို "အနိပ္ဖန္နရုပ်"ဟု ခေါ်သည်။

နိပ္ဖန္နရုပ် (၁၈)ပါး၊ အနိပ္ဖန္နရုပ် (၁၀)ပါး၊ ပေါင်း ရုပ် (၂၈)ပါးဖြစ်ကြသည်။ ထိုရုပ် ၂၈-ပါးတွင် မဟာဘုတ် ၄-ပါးမှ တပါး ကျန်(၂၄)ပါးသောရုပ်တို့ကို မဟာဘုတ်(၄)ပါးကို မှီ၍သာဖြစ်သောကြောင့်အမှီရုပ် (ဥပါဒါရုပ်)ဟု ခေါ်သည်။

## နိဗ္ဗာန်၏ သဘောအဓိပ္ပါယ်

ဆင်းရဲဒုက္ခအားလုံး၏ အေးငြိမ်းရာဖြစ်သော သဘောတရားကို "နိဗ္ဗာန်"ဟု ခေါ်သည်။ ထိုနိဗ္ဗာန်သည် -

၁။ သေခြင်းသဘောမရှိ၊
၂။ ဥပါဒ်, ဌီ, ဘင်-ဟူသော အပိုင်းအခြားကို လွန်ပြီးဖြစ်၏။
၃။ ကံ, စိတ်, ဥတု, အဟာရ-ဟူသော အကြောင်းတရားလေးပါးအနက် မည်သည့်အကြောင်းတို့ကမျှ မပြုပြင်အပ်။
၄။ မိမိထက်မြတ်သော တရားမရှိ (အမြတ်ဆုံးတရားဖြစ်၏။)
၅။ ရောက်သင့်ရောက်ရန် လျော်ကန်သင့်မြတ် ထင်ရှားသော ဓာတ်တစ်မျိုးဖြစ်၏။

## ခန္ဓာ (၅)ပါး

ရုပ်, နာမ်တရားများကို ဉာဏ်ဖြင့် စုပုံထားခြင်းကို "ခန္ဓာ"ဟု ခေါ်သည်။ ထိုခန္ဓာသည် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟု ငါးပါးရှိသည်။ ထိုငါးပါးတို့တွင်

၁။ ရုပ် (၂၈)ပါးသည် ရူပက္ခန္ဓာမည်၏။
၂။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။
၃။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။
၄။ ဝေဒနာ, သညာတို့မှ ကြွင်းကျန်သော စေတသိက် (၅၀)သည် သင်္ခါရက္ခန္ဓာမည်၏။
၅။ စိတ်အကျဉ်း (၈၉)ပါး၊ အကျယ် (၁၂၁)ပါးသည် ဝိညာဏက္ခန္ဓာမည်၏။

## အာယတန (၁၂)ပါး

စိတ်, စေတသိက်တို့၏ ဖြစ်ကြောင်းတရားများကို "အာယတန"ဟု ခေါ်သည်။ ထိုအာယတနသည် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန-ဟု (၁၂)ပါးရှိသည်။

၁။ စက္ခုပသာဒရုပ်သည် စက္ခာယတနမည်၏။
၂။ သောတပသာဒရုပ်သည် သောတာယတနမည်၏။
၃။ ဃာနပသာဒရုပ်သည် ဃာနာယတနမည်၏။
၄။ ဇိဝှါပသာဒရုပ်သည် ဇိဝှါယတနမည်၏။

http://www.dhammadownload.com



၅။ ကာယပသာဒရုပ်သည် ကာယာယတနမည်၏။
၆။ စိတ် (၈၉)ပါးသည် မနာယတနမည်၏။
၇။ ရူပါရုံသည် ရူပါယတနမည်၏။
၈။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။
၉။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။
၁၀။ ရသာရုံသည် ရသာယတနမည်၏။
၁၁။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။
၁၂။ စေတသိက် (၅၂)ပါး၊ သုခုမရုပ် (၁၆)ပါး၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။

မှတ်ချက်။ ။ပသာဒရုပ် (၅)ပါး၊ ဂေါစရရုပ်(၇)ပါးကို "ဩဠာရိကရုပ်"ဟု ခေါ်၍ ကျန်ရုပ်(၁၆)ပါးကို "သုခုမရုပ်"ဟု ခေါ်သည်။

## ဓာတ် (၁၈)ပါး

မိမိ၏သဘောကို ဆောင်တတ်သောတရားကို "ဓာတ်"ဟုခေါ်သည်။ ထိုဓာတ်သည် စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်ဟု (၁၈)ပါးရှိသည်။

၁။ စက္ခုပသာဒရုပ်သည် စက္ခုဓာတ်မည်၏။
၂။ သောတပသာဒရုပ်သည် သောတဓာတ်မည်၏။
၃။ ဃာနပသာဒရုပ်သည် ဃာနဓာတ်မည်၏။
၄။ ဇိဝှါပသာဒရုပ်သည် ဇိဝှါဓာတ်မည်၏။
၅။ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။
၆။ ရူပါရုံသည် ရူပဓာတ်မည်၏။
၇။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏။
၈။ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏။
၉။ ရသာရုံသည် ရသဓာတ်မည်၏။
၁၀။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။
၁၁။ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ်မည်၏။
၁၂။ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏဓာတ်မည်၏။
၁၃။ ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏဓာတ်မည်၏။
၁၄။ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏဓာတ်မည်၏။
၁၅။ ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏဓာတ်မည်၏။
၁၆။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓာတ်မည်၏။
၁၇။ ဒွေးပဉ္စဝိညာဉ် (၁၀)၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေးတို့မှ တစ်ပါးကျန်စိတ် (၇၆)ပါးသည် မနောဝိညာဏဓာတ်မည်၏။
၁၈။ စေတသိက် (၅၂)ပါး၊ သုခုမရုပ် (၁၆)ပါး၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏။

http://www.dhammadownload.com



## သစ္စာ (၄)ပါး

အမြဲမှန်ကန်သောတရားကို "သစ္စာ"ဟု ခေါ်သည်။ ထိုသစ္စာတရား လေးပါးကို အရိယာသူတော်စင်ပုဂ္ဂိုလ်များသာ သိအပ်သောကြောင့် အရိယသစ္စာ-ဟုလည်း ခေါ်ရပေသည်။ ထိုသစ္စာသည် ဒုက္ခသစ္စာ, သမုဒယ-သစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟု လေးပါးရှိသည်။

၁။ လောကီစိတ် (၈၁)၊ လောဘကြဉ်သော စေတသိက် (၅၁)၊ ရုပ် (၂၈)ပါးသည်ဒုက္ခသစ္စာမည်၏။

၂။ လောဘစေတသိက်သည် သမုဒယသစ္စာမည်၏။

၃။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ မဂ်စိတ်လေးပါး၌ရှိသော မဂ္ဂင်ရှစ်ပါးသည်မဂ္ဂသစ္စာမည်၏။

မှတ်ချက်။ ။ ဤ၌ မဂ္ဂင်ရှစ်ပါးဟူသည်ကား သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ-တည်း။

==============================

## ဘုံပိုင်း

## လောက (၃)ပါး

ပျက်ပျက်နေသော သဘောတရားများကို လောက-ဟု ခေါ်သည်။
ထိုလောကသည် -

၁။ ဩကာသလောက ၂။ သတ္တလောက
၃။ သင်္ခါရလောက-ဟု (၃)ပါးရှိသည်။

## (၁) ဩကာသလောက

သတ္တဝါတို့၏ နေရာဘုံဌာနသည် ဩကာသလောက-မည်၏။
ထိုဩကာသလောကသည် -

(၁) ကာမ ၁၁-ဘုံ (၂) ရူပ ၁၆-ဘုံ
(၃) အရူပ ၄-ဘုံအားဖြင့် (၃၁)ဘုံရှိပါသည်။

ကာမ (၁၁)ဘုံ-ဟူသည် အပါယ် (၄)ဘုံ၊ ကာမသုဂတိ (၇)ဘုံတို့ဖြစ်ပါသည်။

## အပါယ် (၄)ဘုံ

ချမ်းသာကင်းသော ဘုံများကို "အပါယ်ဘုံ"ဟု ခေါ်သည်။ ထိုအပါယ်ဘုံသည် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံဟု (၄)မျိုးရှိသည်။

## ငရဲဘုံ

ငရဲဘုံဆိုသည်မှာ = ချမ်းသာဟူ၍ မြူတစ်စေ့မျှ မရှိသော ဘုံဖြစ်သည်။

http://www.dhammadownload.com



## တိရစ္ဆာန်ဘုံ

တိရစ္ဆာန်ဘုံဆိုသည်မှာ ဘုံသီးခြားမရှိ ၎င်းတို့၏ ခန္ဓာကိုယ်သည်ပင်လျှင် ဘုံဖြစ်သည်။ သို့မဟုတ် ၎င်းတို့၏ စုဝေးနေထိုင်ရာ ဌာနသည် ဘုံဖြစ်သည်။ ဖီလာကန့်လန့်သွားတတ်သောကြောင့် "တိရစ္ဆာန်"ဟု ခေါ်သည်။

## ပြိတ္တာဘုံ

ပြိတ္တာဘုံဆိုသည်မှာ သီးခြားကန့်သတ် သတ်မှတ်ထားသော အရပ်ဒေသ မရှိ၊ တစ်နည်းအားဖြင့် ၎င်းတို့ ကျင်လည်ကျက်စားရာ တော, တောင်, သမုဒ္ဒရာ, ပင်လယ်ကမ်းခြေစသည့် အရပ်ဒေသများကိုပင်ပြိတ္တာဘုံ"ဟု ခေါ်သည်။

## အသုရကာယ်ဘုံ

အသုရကာယ်ဆိုသည်မှာ ဘုံသီးခြားမရှိ၊ ၎င်းတို့ ကျက်စားရာဒေသများ သည်ပင် "အသုရကာယ် ဘုံ"ဖြစ်သည်။

အသုရကာယ်နှစ်မျိုးမှာ -

(၁) နတ်အသုရာ

(၂) ပြိတ္တာမျိုးအသုရာတို့ဖြစ်သည်။

## ကာမသုဂတိ ၇-ဘုံ

ကောင်းမှုရှိသူတို့ လာရောက်၍ စည်းစိမ်းချမ်းသာများကို ခံစားရာ ကာမဘုံကို "ကာမသုဂတိဘုံ"ဟု ခေါ်သည်။

(၁) လူ့ဘုံ = လူတို့၏ နေရာဘုံ။

(၂) စာတုမဟာရာဇ်ဘုံ = ဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရ-ဟု ဆိုအပ်သောနတ်မင်းကြီးလေးပါးတို့၏ နေရာဘုံ။

(၃) တာဝတိံသာဘုံ = မာဃလုလင်နှင့် ကုသိုလ်ပြုဖက် ၃၃-ဦးတို့၏ နေရာဘုံ။

(၄) ယာမာဘုံ = ဆင်းရဲဒုက္ခမှ ကင်းသော နတ်တို့၏ နေရာဘုံ။

(၅) တုသိတာဘုံ = မိမိ၏ စည်းစိမ်ကျက်သရေတို့ကို နှစ်သက်တတ်သောနတ်တို့၏ နေရာဘုံ။

(၆) နိမ္မာနရတီဘုံ = ကိုယ်တိုင်ဖန်ဆင်းထားသော စည်းစိမ်တို့ဖြင့် မွေ့လျော်တတ်သော နတ်တို့၏ နေရာဘုံ။

(၇) ပရနိမ္မိတဝသဝတ္တီဘုံ= သူများဖန်ဆင်းပေးသော စည်းစိမ်ကို မိမိအလိုဆန္ဒအတိုင်းဖြစ်စေနိုင်သော နတ်တို့၏ နေရာဘုံ။

ဤကာမသုဂတိ (၇)ဘုံတွင် နံပါတ် (၁)လူ့ဘုံမှတစ်ပါး ကျန် (၆)ဘုံကို နတ်တို့၏ နေရာဖြစ်၍ နတ်ပြည် (၆)ထပ်ဟု ခေါ်သည်။

## ရူပ (၁၆)ဘုံ

ရူပကုသိုလ်စျာန်ရသူတို့၏ ရောက်ရာဖြစ်သောကြောင့် ရူပဘုံ-ဟု ခေါ်သည်။ ထိုရူပဘုံသည် (၁၆)ဘုံရှိသည်။

http://www.dhammadownload.com



## ပထမစျာန် (၃)ဘုံ

(၁) ဗြဟ္မပါရိသဇ္ဇာဘုံ = မဟာဗြဟ္မာတို့၏ ပရိသတ်ဖြစ်သော ဗြဟ္မာတို့၏နေရာဘုံ။
(၂) ဗြဟ္မပုရောဟိတာဘုံ = မဟာဗြဟ္မာတို့၏ မှူးကြီးမတ်ရာပုရောဟိတ်ဗြဟ္မာတို့၏ နေရာဘုံ။
(၃) မဟာဗြဟ္မာဘုံ = ကြီးမြတ်ကုန်သော (မဟာ)ဗြဟ္မာတို့၏ နေရာဘုံ။

## ဒုတိယစျာန် (၃)ဘုံ

(၄) ပရိတ္တာဘာဘုံ = ကိုယ်ရောင်ကိုယ်ဝါနည်းသောဗြဟ္မာတို့၏ နေရာဘုံ။
(၅) အပ္ပမာဏာဘာဘုံ = ကိုယ်ရောင်ကိုယ်ဝါများသော ဗြဟ္မာတို့၏ နေရာဘုံ။
(၆) အာဘဿရာဘုံ = ပြိုးပြိုးပြက်ပြက်တလက်လက်ထွက်သည့်ကိုယ်ရောင်ကိုယ်ဝါရှိသော ဗြဟ္မာတို့၏ နေရာဘုံ။

## တတိယစျာန် (၃)ဘုံ

(၇) ပရိတ္တသုဘာဘုံ = နည်းပါးသော်လည်း တခဲနက်တောက်ပသော ကိုယ်ရောင်ကိုယ်ဝါရှိသည့် ဗြဟ္မာတို့၏ နေရာဘုံ။
(၈) အပ္ပမာဏသုဘာဘုံ = များပြား၍ တခဲနက်တောက်ပသော ကိုယ်ရောင်ကိုယ်ဝါရှိသည့် ဗြဟ္မာတို့၏ နေရာဘုံ။
(၉) သုဘကိဏှာဘုံ = တခဲနက်သော ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ရောယှက်နေသည့် ဗြဟ္မာတို့၏ နေရာဘုံ။

## စတုတ္ထစျာန် (၇)ဘုံ

(၁၀) ဝေဟပ္ဖိုလ်ဘုံ = ကြီးကျယ်ပြန့်ပြောသည့် အကျိုးရှိသော ဗြဟ္မာတို့၏နေရာဘုံ။
(၁၁) အသညသတ်ဘုံ = သညာ-စသော နာမ်ခန္ဓာမရှိ၊ ရုပ်ခန္ဓာသက်သက်ရှိသော ဗြဟ္မာတို့၏ နေရာဘုံ။
\- သုဒ္ဓါဝါသဘုံ = အလွန်စင်ကြယ်သော အနာဂါမ်, ရဟန္တာဗြဟ္မာတို့၏နေရာ သုဒ္ဓါဝါသဘုံ။

## သုဒ္ဓါဝါသ (၅)ဘုံ

(၁၂) အဝိဟာဘုံ = အချိန်အနည်းငယ်မျှပင် မိမိဘုံဌာနကို မစွန့်ခွါသော ဗြဟ္မာတို့၏ နေရာဘုံ။
(၁၃) အတပ္ပါဘုံ = တစ်စုံတစ်ခုအကြောင်းကြောင့်မျှ စိတ်ပူပန်မှုမရှိသော ဗြဟ္မာတို့၏ နေရာဘုံ။
(၁၄) သုဒဿာဘုံ = အလွန်တင့်တယ်သော အရောင်အဆင်းရှိသောကြောင့် ရှုကြည့်ချင်စရာ အလွန် ကောင်းသော ဗြဟ္မာတို့၏ နေရာဘုံ။
(၁၅) သုဒဿီဘုံ = အလွန်စင်ကြယ်သော မျက်စိနှင့် ပြည့်စုံသည်ဖြစ်၍ လွန်ကဲထူးခြားစွာ မြင်စွမ်းနိုင်သော ဗြဟ္မာတို့၏ နေရာဘုံ။
(၁၆) အကနိဋ္ဌာဘုံ = ရူပဗြဟ္မာအားလုံးထက် စည်းစိမ်အားဖြင့် အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံးဖြစ်သော ဗြဟ္မာတို့၏ နေရာဘုံ။

http://www.dhammadownload.com



## အရူပ (၄)ဘုံ

အရူပကုသိုလ်စျာန်ရသူတို့ ရောက်ရာဖြစ်သောကြောင့် အရူပဘုံ-ဟု ခေါ်သည်။ ထိုအရူပဘုံသည် -

(၁) အာကာသာနဉ္စာယတနဘုံ = ရုပ်ခန္ဓာမရှိ အာကာသာနဉ္စာယတနဝိပါက်စိတ်, စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးသာရှိသော ဗြဟ္မာတို့၏ နေရာဘုံ။

(၂) ဝိညာဏဉ္စာယတနဘုံ = ရုပ်ခန္ဓာမရှိ ဝိညာဏဉ္စာယတနဝိပါက်စိတ်, စေတသိက်-ဟူသော နာမ်ခန္ဓာလေးပါးသာရှိသော ဗြဟ္မာတို့၏ နေရာဘုံ။

(၃) အာကိဉ္စညာယတနဘုံ = ရုပ်ခန္ဓာမရှိ အာကိဉ္စညာယတနဝိပါက်စိတ်, စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးသာရှိသော ဗြဟ္မာတို့၏ နေရာဘုံ။

(၄) နေဝသညာနာသညာယတနဘုံ = ရုပ်ခန္ဓာမရှိ နေဝသညာနာသညာယတနဝိပါက်စိတ်, စေတသိက်-ဟူသော နာမ်ခန္ဓာလေးပါးသာရှိသော ဗြဟ္မာတို့၏ နေရာဘုံအားဖြင့် (၄)ဘုံဖြစ်ပါသည်။

## ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရဘုံများ

ဤသို့ ဆိုခဲ့ပြီးသော ဘုံတို့တွင် -

(၁) အသညသတ်ဘုံသည် ရူပက္ခန္ဓာဟူသော ခန္ဓာတစ်ပါးသာရှိသောကြောင့် ဧကဝေါကာရဘုံမည်၏။ (ဧက = တစ်ပါး + ဝေါကာရ = ခန္ဓာ)

(၂) အရူပ (၄)ဘုံသည် နာမ်ခန္ဓာလေးပါးသာ ရှိသောကြောင့် စတုဝေါကာရဘုံမည်၏။ (စတု = လေးပါး + ဝေါကာရ = ခန္ဓာ)

(၃) ကာမ (၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံအားဖြင့် (၂၆)ဘုံ သည် ခန္ဓာငါးပါးလုံးရှိသောကြောင့် ပဉ္စဝေါကာရဘုံမည်၏။

ဤသို့အားဖြင့် -

(၁) ကာမ (၁၁)ဘုံ

(၂) ရူပ (၁၆)ဘုံ

(၃) အရူပ (၄)ဘုံ စုစုပေါင်း (၃၁)ဘုံကို ဩကာသလောက-ဟု ခေါ်သည်။

## သတ္တလောက

လူ, နတ်, ဗြဟ္မာ, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်-ဟူသော ပုဂ္ဂိုလ် သတ္တဝါအပေါင်းသည် “သတ္တလောက”မည်၏။

ထိုသတ္တဝါတို့သည် အမျိုးအစားအားဖြင့် -

(က) ပုထုဇဉ်ပုဂ္ဂိုလ် (၄)မျိုး

(ခ) အရိယာပုဂ္ဂိုလ် (၈)မျိုးအားဖြင့် (၁၂)မျိုးရှိသည်။

http://www.dhammadownload.com



## ပုထုဇဉ်ပုဂ္ဂိုလ် (၄)မျိုး

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် = မကောင်းမှုဒုစရိုက်တို့ကို ပြုလုပ်ခဲ့သောကြောင့် ထိုအကုသိုလ်ကံတို့၏ အကျိုးဖြစ်သော အဟိတ်အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်များ ဖြစ်သည်။ ထိုပုဂ္ဂိုလ်များကား ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟူသော အပါယ်ဘုံသား သတ္တဝါများတည်း။

(၂) သုဂတိအဟိတ်ပုဂ္ဂိုလ် = ကုသိုလ်ပြုစဉ်အခါက ဉာဏ်လည်းမပါ၊ ရှေ့နောက် အကုသိုလ်ခြံရံ၍လည်း ပြုခဲ့သော အညံ့စားကုသိုလ်တို့ကြောင့်ဖြစ်သော အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်များဖြစ်သည်။ ထိုပုဂ္ဂိုလ်များကား ဝေမာနိကနတ်ပြိတ္တာ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ ဝမ်းတွင်းကန်း၊ အ၊ ဆွံ့၊ အရူး၊ ဥဘတောဗျည်း၊ နပုန်းပဏ္ဍုက်စသော ပုဂ္ဂိုလ်တို့နှင့် ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေသော အသညသတ်ဗြဟ္မာတို့တည်း။

(၃) ဒွိဟိတ်ပုဂ္ဂိုလ်= အမောဟဟူသော ဉာဏ်ပညာမပါဘဲ အလောဘ, အဒေါသ-ဟူသော ဟိတ်နှစ်ပါးဖြင့်သာ ပဋိသန္ဓေနေသောပုဂ္ဂိုလ်။

(၄) တိဟိတ်ပုဂ္ဂိုလ် = အလောဘ, အဒေါသ, အမောဟ-ဟူသော (ဉာဏ်ပညာပါသော) ဟိတ်သုံးပါးဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်။ တရားအားထုတ်သည့်အခါ ဈာန်, မဂ်, ဖိုလ်ရနိုင်လောက်အောင် ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်တို့တည်း။

## အရိယာပုဂ္ဂိုလ် (၈)ယောက်

(၁) သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် = သောတာပတ္တိမဂ်ရဆဲပုဂ္ဂိုလ်။
(၂) သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် = သကဒါဂါမိမဂ် ရဆဲပုဂ္ဂိုလ်။
(၃) အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် = အနာဂါမိမဂ် ရဆဲပုဂ္ဂိုလ်။
(၄) အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် = အရဟတ္တမဂ် ရဆဲပုဂ္ဂိုလ်။
(၅) သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ် = သောတာပတ္တိဖိုလ် ရပြီးသော (သောတာပန်) ပုဂ္ဂိုလ်။
(၆) သကဒါဂါမိလဖဋ္ဌာန်ပုဂ္ဂိုလ် = သကဒါဂါမိဖိုလ်ရပြီးသော (သကဒါဂါမ်) ပုဂ္ဂိုလ်။
(၇) အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် = အနာဂါမိဖိုလ်ရပြီးသော (အနာဂါမ်)ပုဂ္ဂိုလ်။
(၈) အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် = အရဟတ္တဖိုလ်ရပြီးသော (ရဟန္တာ)ပုဂ္ဂိုလ်။

ပုထုဇဉ်ပုဂ္ဂိုလ် (၄)ယောက်တွင် နောက်ဆုံးဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ် (၈)ယောက်အားဖြင့် (၉)ယောက်သောပုဂ္ဂိုလ်တို့ကိုသာ အလောဘ, အဒေါသ, အမောဟ-ဟူသော ဟိတ်သုံးပါးနှင့် ပဋိသန္ဓေနေသောကြောင့် တိဟိတ် ပုဂ္ဂိုလ်-ဟု ခေါ်သည်။

အရိယာပုဂ္ဂိုလ် (၈)ယောက်တွင်လည်း သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်-ဟူ၍ နှစ်မျိုးရှိသည်။

(က) သေက္ခ = သီလ, သမာဓိ, ပညာ သိက္ခာ ၃-ပါးကို ကျင့်ဆဲဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်မှ တပါးကျန်အရိယာပုဂ္ဂိုလ် (၇)ယောက်သည် သေက္ခပုဂ္ဂိုလ်ဖြစ်သည်။

(ခ) အသေက္ခ = သီလ, သမာဓိ, ပညာ သိက္ခာ ၃-သုံးပါးကို ကျင့်ဆဲဖြစ်သော အရဟတ္တဖလဋ္ဌာန်သည် အသေက္ခပုဂ္ဂိုလ်ဖြစ်သည်။ ဤပုဂ္ဂိုလ်ကို "အသေက္ခ"အပြင် "ရဟန္တာ"ဟုလည်း ခေါ်သည်။

http://www.dhammadownload.com



ဤသို့အားဖြင့် -

(က) ပုထုဇဉ် (၄)ယောက်

(ခ) အရိယာ (၈)ယောက်အားဖြင့် (၁၂)ယောက်သော ပုဂ္ဂိုလ်များကို သတ္တလောက-ဟု ခေါ်သည်။

## (၃) သင်္ခါရလောက

ခဏခဏပျက်တတ်, အပြီးတိုင် ပျက်တတ်သော သဘောရှိသည်ဖြစ်၍ ဘုံသုံးပါး၌ ဖြစ်သော (တေဘူမက)ရုပ်, နာမ်တရားတို့သည် သင်္ခါရလောကမည်၏။

= = = = = = = = = = = =

http://www.dhammadownload.com



## သမုစ္စည်းပိုင်း

### (၂) မိဿကသင်္ဂဟ

ကုသိုလ်, အကုသိုလ်, အဗျာကတတို့ကို ရောနှောပြဆိုရာဖြစ်သော အခန်းအပိုင်းကို "မိဿက-သင်္ဂဟ"ဟု ခေါ်သည်။

ဤမိဿကသင်္ဂဟ၌ -

၁။ ဟိတ် ၆-ပါး၊ ၂။ ဈာနင် ၇-ပါး ၃။ မဂ္ဂင် ၁၂-ပါး၊

၄။ ဣန္ဒြေ ၂၂-ပါး ၅။ ဗိုလ် ၉-ပါး ၆။ အဓိပတိ ၄-ပါး

၇။ အာဟာရ ၄-ပါးဟူ၍ ၇-ဌာနခွဲ၍ ပြဆိုထားသည်။

**မိဿကသင်္ဂဟ ၇-ဌာန**

| အမည် | သင်္ချာ | သရုပ် | တရားကိုယ် |
|---|---|---|---|
| ဟိတ် | ၆ | လောဘ,ဒေါသ,မောဟ,အလောဘ,အဒေါသ, အမောဟ | ၆ |
| ဈာနင် | ၇ | ဝိတက်, ဝိစာရ, ပီတိ,ဧကဂ္ဂတာ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ | ၅ |
| မဂ္ဂင် | ၁၂ | သမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ | ၉ |
| ဣန္ဒြေ | ၂၂ | စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတည–ဿာမိတိန္ဒြေ, အညိန္ဒြေ, အညတာဝိန္ဒြေ | ၁၆ |
| ဗိုလ် | ၉ | သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရိဗိုလ်, ဩတ္တပ္ပဗိုလ်, အဟိရိကဗိုလ်, အနောတ္တပ္ပဗိုလ် | ၉ |
| အဓိပတိ | ၄ | ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ | ၄ |
| အာဟာရ | ၄ | ကဗဠီကာရအာဟာရ, ဖဿာဟာရ, မနောသဉ္စေ-တနာဟာရ, ဝိညာဏာဟာရ | ၄ |

### (၁) ဟိတ် ၆ ပါး

ဟေတု = ရေသောက်မြစ်သည် သစ်ပင်ကို ထောက်ပံ့ခိုင်ခံ့စေသကဲ့သို့ မိမိနှင့် တကွဖြစ်သော ရုပ်နာမ်တရားတို့ကို ထောက်ပံ့ခိုင်ခံ့စေတတ်သော တရားကို"ဟေတု-ဟိတ်" ဟုခေါ်သည်။

တရားကိုယ်မှာ = စေတသိက်ပိုင်း သမ္ပယောဂနည်းကိုကြည့်၍ လောဘမူစိတ်၌ယှဉ်သော လောဘ စသည်ဖြင့် သိလေ။

http://www.dhammadownload.com



## (၂) ဈာနင် ၇ ပါး

**ဈာန်, ဈာနင်အထူး** = ဆိုင်ရာအာရုံကို (ရိုးရိုးအာရုံပြုပုံထက်လွန်ကဲ၍) စူးစူး စိုက်စိုက် ရှုတတ် သော ဝိတက်, ဝိစာရ-စသောတရားအပေါင်းကို "**ဈာန=ဈာန်**" ဟုခေါ်ရသည်။ ထိုဈာန်၏ အင်္ဂါအစိတ်အပိုင်းများကို "**ဈာနင်္ဂ=ဈာနင်**"ဟု ခေါ်သည်။

### ဈာနင် ၇-ပါး

| | | |
|---|---|---|
| ၁။ | ဝိတက်ဈာနင် | ဝိတက်ယှဉ်ရာစိတ် ၅၅-ပါး၌ ရှိသော ဝိတက်စေတသိက် |
| ၂။ | ဝိစာရဈာနင် | ဝိစာရယှဉ်ရာစိတ် ၆၆-ပါး၌ ရှိသော ဝိစာရစေတသိက် |
| ၃။ | ပီတိဈာနင် | ပီတိယှဉ်ရာစိတ် ၅၁-ပါး၌ ရှိသော ပီတိစေတသိက် |
| ၄။ | **ဧကဂ္ဂတာဈာနင်** | ဒွိပဉ္စဝိညာဏ်ကြဉ်စိတ်၇၉-ပါး၌ ရှိသော ဧကဂ္ဂတာစေတသိက် |
| ၅။ | **သောမနဿဈာနင်** | သောမနဿသဟဂုတ်စိတ် ၆၂-ပါး၌ ရှိသောဝေဒနာ |
| ၆။ | **ဒေါမနဿဈာနင်** | ဒေါသမူဒွေး၌ ရှိသော ဝေဒနာစေတသိက် |
| ၇။ | **ဥပေက္ခာဈာနင်** | စက္ခု-သောတ-ဃာန-ဇိဝှါဝိညာဏ်ဒွေကြဉ်သော ဥပေက္ခာ သဟဂုတ်စိတ် ၄၇-ပါး၌ ရှိသော ဝေဒနာစေတသိက် |

မှတ်ချက်။ ။ ဒွေပဉ္စဝိညာဏ် ၁၀-၌ ဈာနင်တရားကိုယ် မရ။

✔ ပဥ္စဝိညာဏေသု ဈာနင်္ဂါနိ (နလဗ္ဘန္တိ ) (သင်္ဂဟ)

## (၃) မဂ္ဂင် ၁၂-ပါး

မဂ္ဂင် = မဂ္ဂသဒ္ဒါသည် လမ်းကြောင်းဟူသော အနက်ကို ဟော၏။

သမ္မာဒိဋ္ဌိစသော တရားအပေါင်းသည် သုဂတိ, နိဗ္ဗာန်သို့ ရောက်စေတတ် သော လမ်းကြောင်းဖြစ်၍ "မဂ္ဂ = မဂ်"မည်၏။

မိစ္ဆာဒိဋ္ဌိစသော တရားအပေါင်းကား ဒုဂ္ဂတိသို့ ရောက်စေတတ်သော လမ်းကြောင်းဖြစ်၍ "မဂ္ဂ = မဂ်"မည်၏။

ထိုမဂ္ဂမည်သောတရားအပေါင်း၏ အစိတ်အပိုင်းကို "မဂ္ဂင်္ဂ = မဂ္ဂင်"ဟု ခေါ်သည်။

ဆောင်။ ။ ထိုထိုဂတိ၊ ရောက်မည့်လမ်းကြောင်း၊ တရားပေါင်းကို၊ မဂ္ဂ-ဆိုဘိ။ ထို၏ အင်္ဂါ၊ အစိတ်မှာမူ၊ မဂ္ဂင်-ဟူ၊ မှတ်ယူအမြဲခေါ်။

http://www.dhammadownload.com



## "မဂ္ဂင် ၁၂-ပါးအဓိပ္ပါယ်နှင့် တရားကိုယ်"

| စဉ် | အဓိပ္ပါယ် | တရားကိုယ် |
|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ=ကောင်းစွာ သိမြင်မှု | တိဟိတ်စိတ် ၄၇-ပါး၌ယှဉ်သော ပညာ၊ |
| ၂။ | သမ္မာသင်္ကပ္ပ=ကောင်းစွာ ကြံစည်မှု | ကာမသောဘနစိတ် ၂၄၊ ပ-ဈာန် ၁၁-၌ ယှဉ်သော ဝိတက်၊ |
| ၃။ | သမ္မာဝါစာ=ကောင်းစွာ ပြောဆိုမှု | မဟာကုသိုလ် ၈၊ လောကုတ္တရာ ၈-၌ယှဉ်သော ဝိရတီစေတသိက်၊ |
| ၄။ | သမ္မာကမ္မန္တ=ကောင်းစွာ ပြုလုပ်မှု | ။ ။ ။ |
| ၅။ | သမ္မာအာဇီဝ=ကောင်းစွာ အသက်မွေးမှု | ။ ။ ။ |
| ၆။ | သမ္မာဝါယာမ=ကောင်းစွာအားထုတ်မှု | သောဘနစိတ် ၅၉-၌ယှဉ်သောဝီရိယ။ |
| ၇။ | သမ္မာသတိ=ကောင်းစွာအောက်မေ့မှု | ။ ။ သတိ။ |
| ၈။ | သမ္မာသမာဓိ=ကောင်းစွာတည်ကြည်မှု | ။ ။ သမာဓိ။ |
| ၉။ | မိစ္ဆာဒိဋ္ဌိ=မှားယွင်းစွာသိမြင်မှု | ဒိဋ္ဌိဂတသမ္ပယုတ် ၄-၌ယှဉ်သော ဒိဋ္ဌိ။ |
| ၁၀။ | မိစ္ဆာသင်္ကပ္ပ=မှားယွင်းစွာကြံစည်မှု | အကုသိုလ်စိတ် ၁၂-၌ယှဉ်သောဝိတက်။ |
| ၁၁။ | မိစ္ဆာဝါယမ=မှားယွင်းစွာအားထုတ်မှု | ။ ။ ဝီရိယ။ |
| ၁၂။ | **မိစ္ဆာသမာဓိ** = မှားယွင်းစွာ တည်ကြည်မှု | ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ကြဉ် အကု ၁၁-၌ယှဉ်သော ဧကဂ္ဂတာ။ |

မှတ်ချက်။ ။ မဂ္ဂင် ၁၂-ပါးရှိသော်လည်း ဝိတက်, ဝီရိယ, ဧကဂ္ဂတာတို့က၂-ကြိမ်ထပ်ပါနေသောကြောင့် တရားကိုယ်မှာ ၉-ပါးသာ ရသည်။

**အမှာ။ ။** (က) သမ္မာဒိဋ္ဌိစသည်၌ သမ္မာ-သဒ္ဒါသည် "ကောင်းသော"-ဟု အနက်ထွက်၏။ "ကောင်း"ဆိုသည်မှာ = မဖောက်မပြန် လမ်းမှန်ကျ သည်ဟု ဆိုလိုသည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိစသည်တို့၏ တရားကိုယ်ကို သောဘန စိတ်၌ ထိုက်သလို ယှဉ်သော ပညာ-စသည်ကိုသာ ကောက်ယူရသည်။

(ခ) မိစ္ဆာဒိဋ္ဌိစသည်၌ မိစ္ဆာသဒ္ဒါကား "အမှားအယွင်း ဖောက်ပြန်ခြင်း" ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိ-စသည်တို့၏ တရားကိုယ်ကို အကုသိုလ်စိတ်၌ ထိုက်သလို ယှဉ်သော ဒိဋ္ဌိစေတသိက်-စသည်ကိုသာ ကောက်ယူရသည်။

## (၄) ဣန္ဒြေ ၂၂-ပါး

ဣန္ဒြေ = ဣန္ဒြိယ-သဒ္ဒါသည် "အစိုးရခြင်း"ဟူသောအနက်ကို ဟော၏။ မိမိဆိုင်ရာကိစ္စတို့၌ (ယှဉ်ဘက်တရားတို့ကို မိမိအလိုသို့ လိုက်စေခြင်း မိမိသဘောအတိုင်း ဖြစ်စေခြင်းအားဖြင့်) အစိုးရခြင်းသဘော။

ဥပမာ = စိတ်က အာရုံကို သိလျှင် သမ္ပယုတ်တို့ကလည်း အာရုံကို သိ၍ စိတ်အလိုသို့ လိုက်ကြရသည်။

http://www.dhammadownload.com



| အဓိပ္ပါယ်နှင့် | တရားကိုယ် |
|---|---|
| စက္ခုန္ဒြေ = မြင်မှုကိစ္စ၌အစိုးရသောတရား | စက္ခုပသာဒရုပ် |
| သောတိန္ဒြေ = ကြားမှုကိစ္စ၌အစိုးရသောတရား | သောတပသာဒရုပ် |
| ဃာနိန္ဒြေ = နံမှုကိစ္စ၌အစိုးရသောတရား | ဃာနပသာဒရုပ် |
| ဇိဝှိန္ဒြေ = စားမှုကိစ္စ၌အစိုးရသောတရား | ဇိဝှါပသာဒရုပ် |
| ကာယိန္ဒြေ = ထိမှုကိစ္စ၌အစိုးရသောတရား | ကာယပသာဒရုပ် |
| ဣတ္ထိန္ဒြေ = အမ(သဘာဝ)ဖြစ်မှု၌အစိုးရသောတရား | ဣတ္ထိဘာဝရုပ် |
| ပုရိသိန္ဒြေ = အဖို(သဘာဝ)ဖြစ်မှု၌အစိုးရသောတရား | ပုမ္ဘာဝရုပ် |
| ဇီဝိတိန္ဒြေ = အတူဖြစ်သောတရားတို့ကို အသက်ရှည်<br>အောင်စောင့်ရှောက်မှု၌ အစိုးရသောတရား<br>ကမ္မဇရုပ်, နာမ်တို့ကို အစိုးရသောတရား | ဇီဝိတရုပ်နှင့်<br>ဇီဝိတိန္ဒြေစေတသိက် |
| မနိန္ဒြေ = အာရုံသိမှုကိစ္စ၌အစိုးရသောတရား | စိတ်အားလုံး |
| သုခိန္ဒြေ = ကာယဖောဋ္ဌဗ္ဗာရုံကို ခံစားမှုကိစ္စ၌<br>အစိုးရသောတရား | သုခသဟဂုတ်ကာယ<br>ဝိညာဏ်၌ယှဉ်သောဝေဒနာ |
| ဒုက္ခိန္ဒြေ = အနိဋ္ဌဖောဋ္ဌဗ္ဗာရုံကို ခံစားမှုကိစ္စ၌<br>အစိုးရသောတရား | ဒုက္ခသဟဂုတ်ကာယ<br>ဝိညာဏ်၌ယှဉ်သောဝေဒနာ |
| သောမနဿိန္ဒြေ = **ကျန်အာရုံ ၅–ပါး၏ဣဋ္ဌအရသာ**<br>ကို ခံစားမှု၌အစိုးရသောတရား | သောမနဿသဟဂုတ်<br>၆၂-ပါး၌ယှဉ်သော ဝေဒနာ |
| ဒေါမနဿိန္ဒြေ-**ကျန်အာရုံ ၅–ပါး၏ အနိဋ္ဌအရသာကို**<br>ခံစားမှု၌အစိုးရသောတရား | ဒေါသမူဒွေး၌ယှဉ်သော ဝေဒနာ |
| ဥပေက္ခိန္ဒြေ = ဣဋ္ဌမဇ္ဈတ္တာရုံကို<br>ခံစားမှု၌အစိုးရသောတရား | ဥပေက္ခာသဟဂုတ် ၅၅-ပါး<br>၌ယှဉ်သောဝေဒနာ |
| သဒ္ဓိန္ဒြေ=ယုံကြည်မှု၊ကြည်လင်စေမှု၌အစိုးရသော<br>တရား | သောဘနစိတ်တို့၌<br>ယှဉ်သော သဒ္ဓါစေတသိက် |
| ဝီရိယိန္ဒြေ=ထောက်ကန်အားပေးမှု၌အစိုးရသော<br>တရား | ၇၃-ပါးသောစိတ်တို့၌<br>ယှဉ်သော ဝီရိယစေတသိက် |
| သတိန္ဒြေ = အောက်မေ့မှု,အမှတ်ရစေမှု၌<br>အစိုးရသောတရား | သောဘနစိတ်တို့၌<br>ယှဉ်သော သတိစေတသိက် |
| သမာဓိန္ဒြေ = တစ်ခုတည်းသောအာရုံဝယ်တည်<br>ကြည်မှု၌အစိုးရသောတရား | ၇၂-ပါးသောစိတ်တို့၌<br>**ယှဉ်သော ဧကဂ္ဂတာ စေတသိက်** |
| ပညိန္ဒြေ=အာရုံ၏သဘောမှန်ကို ထိုထွင်းသိမှု၌<br>အစိုးရသောတရား<br>(လောကီတိဟိတ်စိတ်၌ရှိသော ပညာကိုသာ ပညိန္ဒြေဟုကောက်ရိုးပြုကြသည်။) | တိဟိတ်စိတ် ၄၇–ပါး၌ ယှဉ်သော ပညာ၊ |
| **အနညာ တညဿာ မိတိန္ဒြေ** | သောတာပတ္တိမဂ်စိတ်၌ ယှဉ်သော ပညာ။ |
| **အညိန္ဒြေ** | အထက်မဂ် ၃, အောက်ဖိုလ် ၃-ခု၌ ယှဉ်သော ပညာ။ |
| **အညတာဝိန္ဒြေ** | အရဟတ္တဖိုလ်စိတ်၌ ယှဉ်သော ပညာ။ |

http://www.dhammadownload.com



**အမှာ ။ ။** ဣန္ဒြေ ၂၂-ပါးရှိသော်လည်း ဝေဒနာက ၅-ဌာန၊ ပညာက ၄-ဌာနပါဝင်နေသောကြောင့်လည်းကောင်း၊ ဇီဝိတိန္ဒြေ၏ တရားကိုယ်က ရုပ်ဇီဝိတ, နာမ်ဇီဝိတ-ဟု ၂-မျိုးရသောကြောင့်လည်းကောင်း ဣန္ဒြေ ၂၂-ပါးအတွက် စုစုပေါင်း တရားကိုယ် ၁၆-ပါးရှိသည်။

## (၆) အဓိပတိ ၄-ပါး

**အဓိပတိ** = မိမိနှင့်အတူ ဖြစ်ဖက်တရားတို့ကို (လွှမ်းမိုးအုပ်ချုပ် အကြီးအကဲလုပ်ပြီး) မိမိအလိုကျဖြစ်အောင် လိုက်ပါစေနိုင်သောတရားကို "အဓိပတိ"ဟုခေါ်သည်။

ပြိုင်ဘက်မရှိ **အကြီးအကဲအရာထိုက်သော** (အဓိပတိ) ၄-ပါး

| | |
|---|---|
| ဆန္ဒာဓိပတိ | ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄၊ ပေါင်း (၅၂-ပါး)၌ယှဉ်သော ဆန္ဒ |
| ဝီရိယာဓိပတိ | ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄၊ ပေါင်း (၅၂-ပါး)၌ယှဉ်သော ဝီရိယ |
| စိတ္တာဓိပတိ | ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄၊ ပေါင်း (၅၂-ပါး) |
| ဝီမံသာဓိပတိ | တိဟိတ်ဇော ၃၄-၌ယှဉ်သော ပညာ။ (စူးစမ်းဆင်ခြင်တတ်သောပညာကို ဝီမံသ-ဟု ခေါ်သည်။) |

(က) ဒွိဟိတ်ဇော ၁၈-ပါး = လောဘမူ ၈၊ ဒေါသမူ ၂၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄၊ မဟာကြိယာဉာဏဝိပ္ပယုတ် ၄။

(ခ) တိဟိတ်ဇော ၃၄-ပါး = မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄၊ မဟာကြိယာဉာဏသမ္ပယုတ် ၄၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဟဂ္ဂုတ်ကြိယာ ၉၊ လောကုတ် ၈။

မှတ်ချက်။ ။ ဧကဟိတ်ဇောဖြစ်သော မောဟမူဒွေနှင့် အဟိတ်ဇောဖြစ်သည့် ဟသိတုပ္ပါဒ်တို့ကား အဓိပတိ မဖြစ်ထိုက်။

### အဓိပတိနှင့် ဣန္ဒြေတို့ အစိုးရပုံ အထူးလက်ာ

ဆောင်။ ။ အဓိပတိမျိုး အုပ်ချုပ်စိုးကား ပြိုင်ရိုးမရှိ၊ တပါးတည်းပေ၊ ဘုရင်နေတည်း။
ဣန္ဒြေကား မူးမတ်လားသို့၊ သူများကိစ္စ၊ သူ့လိုကျအောင်၊ လိုက်ရပြီးကာ၊
ကိုယ့်ဆိုင်ရာဝယ်၊ ကိုယ်သာလွှမ်းမိုး၊ အုပ်ချုပ်စိုးသည်၊ ၂-မျိုးသည်ပုံ၊ ကွဲသတည်း။

**အဓိပတိ ဧကော၀ လဗ္ဘတိ** = ထိုထိုကိစ္စ၌ အကြီးဆုံး အချုပ်ဆုံးဖြစ်သူသည် တစ်ယောက်တည်းသာ ရှိရသကဲ့သို့ ထို့အတူ မဟာကုသိုလ် ပဌမစိတ်၌ အဓိပတိ ၄-ပါးလုံးရှိရာ တစ်ပါးပါးသာ အဓိပတိဖြစ်ရမည်။ ကျန် ၃-ပါးကား နောက်လိုက် ငယ်သားတို့သာတည်း။

ဥပမာ ။ ။ ဆန္ဒထက်သန်သောအခါ ဆန္ဒက အဓိပတိဖြစ်၍ ဝီရိယ-စသည်တို့ကား နောက်လိုက် တရားများသာ ဖြစ်ရသည်ဟူလို။

## (၇) အာဟာရ ၄-ပါး

**အာဟာရ** = အစာအာဟာရသည် ခန္ဓာကိုယ်ကို ကြာရှည်စွာ ဆောင်ရွက် (ထောက်ပံ့ထား)သကဲ့သို့ မိမိဆိုင်ရာအကျိုးကို ဆောင်ရွက်နိုင်, ဖြစ်စေနိုင်သော တရားကို "**အာဟာရ**"ဟု ခေါ်သည်။

http://www.dhammadownload.com



| | | |
|---|---|---|
| ၁။ | **ကဗဠီကာရအာဟာရ** | စားမျိုအပ်သော အစားအသောက်၌ ပါဝင်သည့်ဩဇာရုပ်။ |
| ၂။ | **ဖဿာဟာရ** | စိတ်အားလုံး၌ယှဉ်သော ဖဿစေတသိက်။ |
| ၃။ | **မနောသဉ္စေတနာဟာရ** | စိတ်အားလုံး၌ ယှဉ်သော စေတနာ (သင်္ခါရ)။ |
| ၄။ | ဝိညာဏာဟာရ | စိတ်အားလုံး။ |

"အာဟာရလေးပါက ဆောင်ပုံ ဖြစ်စေပုံ"

၁။ **ဤကဗဠီကာရအာဟာရ**သည် ဩဇာနှင့်တကွဖြစ်သော ရုပ် ၈-ပါး (အာဟာရ အဋ္ဌကလာပ်ရုပ်)ကို ဆောင်၏၊ ဖြစ်စေ၏။

၂။ **ဤဖဿာဟာရ**သည် (ဖဿပစ္စယာ ဝေဒနာ-ဟူသည်နှင့်အညီ) ဝေဒနာ-ဟူသော အကျိုးကို ဆောင်၏၊ ဖြစ်စေ၏။

၃။ **ဤမနောသဉ္စေတနာဟာရ**သည် (သင်္ခါရပစ္စယာ ဝိညာဏံ-ဟူသည်နှင့်အညီ)ပဋိသန္ဓေဝိညာဏ်ဟူသော အကျိုးကို ဆောင်၏၊ ဖြစ်စေ၏။

၄။ **ဤဝိညာဏာဟာရ**သည် (ဝိညာဏပစ္စယာ နာမရူပံ-ဟူသည်နှင့်အညီ)အတူတကွ ဖြစ်ဘက်စေတသိက် နာမ်နှင့်ရုပ်တရားကို ဆောင်၏၊ ဖြစ်စေ၏။၏

✔ **ဩဇဋ္ဌမကရူပံ, ဃေ၊ ဝေဒနံ, ပဋိသန္ဓိကံ။**
**နာမရူပံ အာဟာရန္တိ၊ တသ္မာ-ဟာရာတိ ဝုစ္စရေ။**

## (၄) သဗ္ဗသင်္ဂဟ

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ္ထတရားအားလုံးကို သိမ်းကျုံး ရေတွက်ပြဆိုရာ အခန်းကို "သဗ္ဗသင်္ဂဟ"ဟု ခေါ်သည်။

ဤသဗ္ဗသင်္ဂဟ၌ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါးဟူ၍ ၄-ဌာနရှိသည်။

## (၁) ခန္ဓာ ၅-ပါး

ခန္ဓသဒ္ဒါသည် "အစုအပုံ"ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် ရူပက္ခန္ဓာ = ရုပ်အစု၊ ဝေဒနက္ခန္ဓာ = ဝေဒနာအစုစသည်ဖြင့် သိမှတ်ရာ၏။

အတိတ်, အနာဂါတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကအားဖြင့် များပြားလှသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ငါးစု, ငါးပုံ-ပေါင်းစုထားခြင်းကို "**ခန္ဓာ ၅-ပါး**"ဟု ခေါ်သည်။

| | | | |
|---|---|---|---|
| ၁။ | **ရူပက္ခန္ဓာ** | ရုပ် ၂၈-ပါး | (ရုပ်အစုအဝေး) |
| ၂။ | **ဝေဒနာက္ခန္ဓာ** | ဝေဒနာစေတသိက် | (ခံစားမှုဝေဒနာအစုအဝေး။) |
| ၃။ | **သညာက္ခန္ဓာ** | သညာစေတသိက် | (မှတ်သားမှုသညာ အစုအဝေး။) |
| ၄။ | **သင်္ခါရက္ခန္ဓာ** | ကြွင်းစေတသိက် ၅၀ | (ပြုပြင်စီရင်မှုသင်္ခါရအစုအဝေး။) |
| ၅။ | ဝိညာဏက္ခန္ဓာ | စိတ် ၈၉ | (သိမှုဝိညာဏ်အစုအဝေး။) |

http://www.dhammadownload.com



**နိဗ္ဗာန်ကို ခန္ဓာ မဖွဲ့ရ** ။ ။ အတိတ်, အနာဂါတ်, ပစ္စုပ္ပန်စသော အကွဲ, အပြားမရှိခြင်းကြောင့် နိဗ္ဗာန်ကို ခန္ဓာ မဖွဲ့အပ်၊ မဖွဲ့ထိုက်။

✔ **ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ။** (သင်္ဂဟ)

### "ဥပါဒါနက္ခန္ဓာ ၅-ပါး"

ဥပါဒါန်တရားတို့၏ အာရုံဖြစ်သောခန္ဓာကို "ဥပါဒါနက္ခန္ဓာ"ဟု ခေါ်သည်။ ဥပါဒါန်တရားတို့၏ တရားကိုယ်မှာ ကာမုပါဒါန် = လောဘနှင့် ဒိဋ္ဌုပါဒါန် = ဒိဋ္ဌိတို့ဖြစ်၍ အကုသိုလ်တရားများဖြစ်ကြသည်။ ထိုအကုသိုလ်တရားတို့သည် လောကီစိတ်, စေတသိက်, ရုပ်ခန္ဓာများကိုသာ အာရုံပြုနိုင်ကြသည်။ ထို့ကြောင့် ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာဟူသည် လောကီစိတ်များ ထိုစိတ်နှင့် ယှဉ်သော စေတသိက်များနှင့် ရုပ်တရားများဖြစ်ကြသည်။

| | | |
|---|---|---|
| ၁။ | ရူပုပါဒါနက္ခန္ဓာ | ရုပ် ၂၈-ပါး |
| ၂။ | ဝေဒနုပါဒါနက္ခန္ဓာ | လောကီစိတ် ၈၁-ပါး၌ယှဉ်သော ဝေဒနာစေတသိက်။ |
| ၃။ | သညုပါဒါနက္ခန္ဓာ | လောကီစိတ် ၈၁-ပါး၌ယှဉ်သော သညာစေတသိက်။ |
| ၄။ | သင်္ခါရုပါဒါနက္ခန္ဓာ | ဝေဒနာ, သညာမှကြွင်းသောလောကီစေတသိက်၅၀။ |
| ၅။ | ဝိညာဏုပါဒါနက္ခန္ဓာ | လောကီစိတ် ၈၁-ပါး။ |

### "ခန္ဓာ, ဥပါဒါနက္ခန္ဓာ-ဟူ၍ ၂-မျိုးခွဲဟောရခြင်း"

၁။ လောကီဖြစ်စေ, လောကုတ္တရာဖြစ်စေ ခန္ဓာဖွဲ့၍ ရကောင်းသမျှ တရားအားလုံးကို သိမ်းကျုံးလျက် ပြတော်မူခြင်းဌာ **ခန္ဓဒေသနာ**ကို ဟောတော်မူသည်။

၂။ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းရာ၌ကား လောကုတ္တရာခန္ဓာများကို အာရုံပြု၍ မစီးဖြန်းရ၊ ဝဋ်ဒုက္ခတရားများကို အာရုံပြု၍ စီးဖြန်းပါမှ အနိစ္စ, ဒုက္ခ, အနတ္တသဘော ထင်မြင်နိုင်၏။ ထို့ကြောင့် ဝိပဿနာ ရှုမှတ်ရန်အလို့ငှာ လောကီတရားသက်သက်ကိုသာ ခန္ဓာဖွဲ့လျက်**ဥပါဒါနက္ခန္ဓာဒေသနာ**ကို ဟောတော်မူသည်။

## (၂) အာယတန (၁၂)ပါး

**အာယတန**-သဒ္ဒါသည် "အကြောင်း"ဟူသော အနက်ကို ဟော၏။ စိတ်, စေတသိက်တို့သည် ရူပါရုံ, စက္ခုပသာဒစသည်ကို အကြောင်းပြု၍ ဖြစ်ကြကုန်၏။ ဤသို့ စိတ်, စေတသိက်တို့၏ ဖြစ်ကြောင်းတရားများကို "**အာယတန**"ဟု ဆိုရသည်။

စိတ်, စေတသိက်တို့၏ ဖြစ်ကြောင်းဟူသည် ဒွါရနှင့် အာရုံတည်း။ ထိုဒွါရနှင့် အာရုံတို့က ၆-ပါးစီပြားခြင်းကြောင့် အာယတန ၁၂-ပါးဖြစ်လာရသည်။

✔ **ဒွါရာလမ္ဗဏဘေဒေန၊ ဘဝန္တာ-ယတနာနိ စ။** (သင်္ဂဟ)

ဒွါရ ၆-ပါးတို့အကြောင်းပြု၍ (အတွင်း) အဇ္ဈတ္တိကာယတန ၆-ပါးရ၏။

http://www.dhammadownload.com



| | အာယတန | တရားကိုယ် |
|---|---|---|
| ၁။ | စက္ခာယတန | စက္ခုပသာဒ |
| ၂။ | သောတာယတန | သောတပသာဒ |
| ၃။ | ဃာနာယတန | ဃာနပသာဒ |
| ၄။ | ဇိဝှါယတန | ဇိဝှါပသာဒ |
| ၅။ | ကာယာယတန | ကာယပသာဒ |
| ၆။ | မနာယတန | စိတ် ၈၉ (အကျယ် ၁၂၁) |

အာရုံ ၆-ပါးကို အကြောင်းပြု၍ (အပြင်) ဗာဟိရာယတန ၆-ပါးရ၏။

| | အာယတန | တရားကိုယ် |
|---|---|---|
| ၁။ | ရူပါယတန | ရူပါရုံ (အဆင်း) |
| ၂။ | သဒ္ဒါယတန | သဒ္ဒါရုံ (အသံ) |
| ၃။ | ဂန္ဓာယတန | ဂန္ဓာရုံ (အနံ့) |
| ၄။ | ရသာယတန | ရသာရုံ (အရသာ) |
| ၅။ | ဖောဋ္ဌဗ္ဗာယတန | ဖောဋ္ဌဗ္ဗာရုံ (ပထဝီ, တေဇော, ဝါယော) |
| ၆။ | ဓမ္မာယတန | စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်။ |

## (၃) ဓာတ် ၁၈-ပါး

ဓာတ် = မိမိသဘောကို ဆောင်တတ်သော တရားကို "ဓာတ်"ဟု ခေါ်သည်။
(မိမိသဘောလက္ခဏာအတိုင်း ထင်ရှားစွာဖြစ်သည်ကို "ဆောင်သည်" ဟု ခေါ်သည်။)

ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါးပြားသောကြောင့် ဓာတ် ၁၈-ပါး ဖြစ်လာရသည်။

✔ ဒွါရာလမ္ဗ တဒုပ္ပန္န-ပရိယာယေန ဓာတုယော။ (သင်္ဂဟ)

| | ဒွါရ ၆၊ အခံဓာတ် | အာရုံ ၆၊ အတိုက်ဓာတ်၊ | ဝိညာဏ် ၆၊ အပွင့်ဓာတ် |
|---|---|---|---|
| ၁။ | စက္ခုဓာတ်(စက္ခုပသာဒ) | ရူပဓာတ် (ရူပါရုံ) | စက္ခုဝိညာဏဓာတ် (စက္ခုဝိညာဏ်) |
| ၂။ | သောတဓာတ်(သောတပသာဒ) | သဒ္ဒဓာတ် (သဒ္ဒါရုံ) | သောတဝိညာဏဓာတ် (သောတဝိညာဏ်) |
| ၃။ | ဃာနဓာတ်(ဃာနပသာဒ) | ဂန္ဓဓာတ် (ဂန္ဓာရုံ) | ဃာနဝိညာဏဓာတ် (ဃာနဝိညာဏ်) |
| ၄။ | ဇိဝှါဓာတ်(ဇိဝှါပသာဒ) | ရသဓာတ် (ရသာရုံ) | ဇိဝှါဝိညာဏဓာတ် (ဇိဝှါဝိညာဏ်) |
| ၅။ | ကာယဓာတ်(ကာယပသာဒ) | ဖောဋ္ဌဗ္ဗဓာတ် (ပ,တေ,ဝါ) | ကာယဝိညာဏဓာတ် (ကာယဝိညာဏ်) |
| ၆။ | မနောဓာတ်(ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းနှစ်ခွေ) | ဓမ္မဓာတ် (စေ ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်။) | မနောဝိညာဏဓာတ် (ဒွိပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃ ကြဉ် ကြွင်းစိတ် ၇၆။) |

✔ ဒွါရ ၆-ပါးကို အခံဓာတ်ဟူ၍လည်းကောင်း

✔ အာရုံ ၆-ပါးကို အတိုက်ဓာတ်ဟူ၍လည်းကောင်း

✔ ဝိညာဏဓာတ်၆-ပါးကို အပွင့်ဓာတ်ဟူ၍လည်းကောင်းခေါ်၏။

http://www.dhammadownload.com



## (၄) သစ္စာလေးပါး

သစ္စ-သဒ္ဒါသည် "အမှန်"ဟူသော အနက်ကို ဟော၏။ ဒုက္ခဟူ၍ ဟောထားသောတရားမှန်သမျှသည် ဧကန်အမှန်ဒုက္ခဖြစ်၏။ သမုဒယ-ဟူ၍ ဟောထားသော တဏှာသည်လည်း ဧကန်အမှန် ဒုက္ခ-၏ အကြောင်းဖြစ်၏။ နိရောဓဟူ၍ ဟောထားသော နိဗ္ဗာန်သည်လည်း ဧကန်အမှန်ဒုက္ခ၏ ချုပ်ရာမှန်၏။ နိရောဓဂါမိနီပဋိပဒါဟူ၍ ဟောထားသော မဂ္ဂင် ၈-ပါးသည်လည်း ဧကန်အမှန် နိဗ္ဗာန်ရောက်ကြောင်းအကျင့်မှန်ဖြစ်၏။ ဤသို့ မှန်ကန်သော တရားကို "**သစ္စာ**"ဟု ခေါ်သည်။

ထိုသစ္စာလေးပါးကိုပင် အရိယာတို့သာ သိအပ်သောကြောင့်"**အရိယသစ္စာ**"ဟုလည်း ခေါ်ရပြန်သည်။

| သစ္စာလေးပါးအဓိပ္ပါယ်နှင့် | တရားကိုယ် |
| --- | --- |
| ဒုက္ခသစ္စာ = ဆင်းရဲခြင်းအမှန်သဘော | လောကီစိတ် ၈၁၊ လောဘကြဉ် စေ ၅၁၊ ရုပ် ၂၈။ |
| သမုဒယသစ္စာ=ဆင်းရဲကြောင်း အမှန်သဘော | လောဘစေတသိက် |
| နိရောဓသစ္စာ=ဆင်းရဲဒုက္ခငြိမ်းရာ အမှန်သဘော | နိဗ္ဗာန် |
| မဂ္ဂသစ္စာ = ဆင်းရဲဒုက္ခငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်မှန် | မဂ်စိတ်၌ ယှဉ်သော မဂ္ဂင် ၈။ |

**သစ္စဝိမုတ်** = သစ္စာ ၄-ပါးမှလွတ်သောတရားဟူသည် မဂ်စိတ္တုပ္ပါဒ် ၂၉-နှင့် ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးဖြစ်သည်။

### မဂ်စိတ္တုပ္ပါဒ် ၂၉-ပါး ရေတွက်ပုံ

မဂ်စိတ် ၄-ပါး၌ယှဉ်သော စေတသိက် ၃၆-ပါးမှ မဂ္ဂင်တရားကိုယ် ၈-ပါး (ပညာ, ဝိတက်, ဝိရတီ ၃၊ ဝီရိယ, သတိ, ဧကဂ္ဂတာ)ကိုနုတ်လျှင် ၂၈-ပါးကျန်၏။ ယင်း ၂၈-ပါးနှင့် မဂ်စိတ် ၁-ပါးပေါင်းလျှင် ၂၉-ပါးဖြစ်၏။ (မဂ်စိတ်နှင့် လက္ခဏာတူ၍ တစ်ပါးတည်း ရေတွက်ထားသည်။)

### ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါး ရေတွက်ပုံ

ဖိုလ်စိတ် ၄-ပါးနှင့်ယှဉ်သော စေတသိက် ၃၆-ပါးနှင့် ဖိုလ်စိတ် ၁-ပါးပေါင်းလျှင် ၃၇-ပါးဖြစ်၏။(ဖိုလ်စိတ် ၄-ပါးကို လက္ခဏာတူ၍ တစ်ပါးတည်း ယူသည်။)

### လောကီ + လောကုတ္တရာ အကြောင်း + အကျိုးခွဲပုံ

(က) ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကား လောကီသစ္စာ။
(ခ) နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့ကား လောကုတ္တရာသစ္စာ။
(ဂ) သမုဒယသစ္စာနှင့်မဂ္ဂသစ္စာတို့ကား အကြောင်းသစ္စာ။
(ဃ) ဒုက္ခသစ္စာနှင့် နိရောဓသစ္စာတို့ကား အကျိုးသစ္စာ။

=====================

သမုစ္စည်းပိုင်းပြီး၏။